# ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**ကုသိုလ်ကောင်းမှု နေ့စဉ်ပြု**

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက် သောကြာနေ့။ Friday, 8 May 2026 ၁၂၁၇၂


# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မိုးကုတ်ရတနာမြေမှ ရှာဖွေတွေ့ရှိသည့် ထူးခြားလှပပြီး အရွယ်အစားကြီးမားသောပတ္တမြားကြီးအား ကြည့်ရှု

## ယခုရှာဖွေတွေ့ရှိခဲ့သော ပတ္တမြားသည် အလေးချိန် ၂၂၀၀ ဂရမ် (၁၁၀၀၀ ကရက်) ရှိ

**နေပြည်တော် မေ ၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတွင် လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကျင်းပပြီး ပြည်သူများ၏ဆန္ဒနှင့်အညီ ဆန္ဒမဲပေးရွေးချယ်ခဲ့သည့် ဒီမိုကရေစီအစိုးရအဖွဲ့ တာဝန်ယူပြီးနောက် မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်မြန်မာနှစ်သစ်ကူးကာလ လွန်မြောက်သောအချိန်အခါသမယတွင် မန္တလေးတိုင်းဒေသကြီး မိုးကုတ်ရတနာမြေမှ ထူးခြားလှပပြီး အရွယ်အစားကြီးမားသည့် ပတ္တမြားတစ်ပွင့် ရှာဖွေတွေ့ရှိခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

အဆိုပါ ပတ္တမြားကြီးကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မိုးကုတ်ရတနာမြေမှ ရှာဖွေတွေ့ရှိသည့် ထူးခြားလှပပြီး အရွယ်အစား ကြီးမားသောပတ္တမြားကြီးအား ကြည့်ရှုစစ်ဆေးစဉ်။

## ယနေ့ ဖတ်စရာ


အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့နှင့် အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပ စာမျက်နှာ » ၅

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ နေပြည်တော် အစီရင်ခံစာ ထုတ်ပြန် စာမျက်နှာ » ၇





၂၀၂၆ ခုနှစ် ကောဒသမတန်း လူရည်ချွန်စခန်း(ငွေဆောင်)နှင့် အဆင့်မြင့်ပညာအဆင့် လူရည်ချွန်စခန်း(ချောင်းသာ) ဖွင့်ပွဲ အခမ်းအနားကျင်းပ စာမျက်နှာ » ၈

တားဆီးကာကွယ် မီးခိုးမြူငွေ့ အန္တရာယ် ဆောင်းပါး စာမျက်နှာ » ၆

ငွေဆောင်လူရည်ချွန်စခန်းမှ ကောဒသမတန်း လူရည်ချွန်မောင်မယ်များ၊ လူရည်ချွန်ဟောင်းကြီးများ၏ ရင်တွင်းစကားသံများ စာမျက်နှာ » ၉

ကြေးမုံ

# ဒီမိုကရေစီစနစ်နှင့်လျော်ညီသည့် ပြုပြင်ပြောင်းလဲမှုများဖော်ဆောင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကို မေ ၆ ရက်က နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က "ဒီမိုကရေစီနည်းလမ်းတကျ မိမိဆန္ဒဖြင့် လာရောက်မဲပေးကြသူများကို ဒီမိုကရေစီနိုင်ငံများမှ တန်ဖိုးထားရန်လိုပါကြောင်း၊ မည်ကဲ့သို့ပင်ဖြစ်စေ မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာဖြစ်စေရေး ဆက်လက်ဆောင်ရွက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို ဆက်လက်အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်နှင့်လျော်ညီသည့် ပြောင်းလဲမှုများကိုလည်း ဖော်ဆောင်သွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

ယနေ့နိုင်ငံတော်အစိုးရအဖွဲ့သည် လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူလူထုက ၎င်းတို့၏ စိတ်သဘောထားဆန္ဒအလျောက် ဆန္ဒမဲပေးရွေးချယ်ပြီး ထွက်ပေါ်လာခဲ့သည့် ပြည်သူ့ကိုယ်စားလှယ်များမှ ရွေးကောက်တင်မြှောက်ထားသည့် ရွေးကောက်ခံအစိုးရအဖွဲ့ဖြစ်သည်။ ရွေးကောက်ပွဲတွင် ပြည်သူများအနေဖြင့် တက်တက်ကြွကြွ စနစ်တကျစည်းကမ်းရှိစွာ လာရောက်မဲပေးခဲ့ကြသည်ကို တွေ့ကြရမည်ဖြစ်သည်။ ဤသို့ တက်တက်ကြွကြွ စနစ်တကျမဲပေးခဲ့ကြခြင်းသည် ပြည်သူလူထုက ရွေးကောက်ပွဲကို လည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ နိုင်ငံရေးအရ ဆောင်ရွက်ချက်များကို လည်းကောင်း ထောက်ခံမှုကိုပြသခဲ့ခြင်းပင်ဖြစ်သည်။

ပြည်သူ့ဆန္ဒနှင့်အညီ ဖြစ်ပေါ်လာသည့် လွှတ်တော်များမှ ပေါ်ထွက်လာသော အစိုးရဖြစ်သဖြင့် အစိုးရအဖွဲ့အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးကောင်းမွန်စေရေး ဆောင်ရွက်သွားမည်ဖြစ်သည်။ နိုင်ငံတော်တွင် ကြုံတွေ့ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းဆိုင်ရာများ၊ ခေတ်စနစ်အတွေ့အကြုံများပေါ်တွင် သင်ခန်းစာယူပြီး နိုင်ငံတော်အစိုးရအနေဖြင့် ကောင်းမွန်သည့် ဦးဆောင်မှုများဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးလည်မသုန် ထမ်းဆောင်သွားမည်ဟု သန္နိဋ္ဌာန်ပြုထားသည်။ သို့သော် အချို့သောနိုင်ငံများအနေဖြင့် ပြည်သူများက ရွေးချယ်ထားသည့် ဒီမိုကရေစီနည်းလမ်းနှင့်အညီ တာဝန်ထမ်းဆောင်နေသည့် အစိုးရအပေါ် ကန့်သတ်မှုများ၊ စီးပွားရေးပိတ်ဆို့မှုများကို ဖိအားပေးလုပ်ဆောင်နေကြဆဲဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ဒီမိုကရေစီစနစ်နှင့်လိုက်လျောညီစွာ နိုင်ငံတော်ကို ပုံဖော်တည်ဆောက်သွားမည်ဖြစ်သည်။

ပထမငါးနှစ်တာကာလအတွင်းက တပ်မတော်အနေဖြင့် နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာပြီး ခေတ္တတာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ယခုငါးနှစ်တာကာလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ဒီမိုကရေစီနည်းလမ်းတကျ ပြည်သူများ၏ဆန္ဒနှင့်အညီ ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီနိုင်ငံများနည်းတူ မိမိနိုင်ငံနှင့် လိုက်လျောညီထွေရှိသည့် ဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာရပ်တည် တည်ဆောက်အကောင်အထည်ဖော်သွားမည်ဖြစ်သည်။ ပြည်သူများက ရွေးချယ်တင်မြှောက်ထားသည့် အစိုးရအနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး အကောင်အထည်ပေါ်လာအောင် အားလုံးတက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် ခေတ်စနစ်နှင့်လျော်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုများကိုရရှိအောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ အမျိုးသားရေးစရိုက်လက္ခဏာများကိုလည်း မပျောက်ပျက်အောင် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုသည်။ အမျိုး၊ ဘာသာ၊ သာသနာ၊ ထုံးတမ်းအစဉ်အလာများ၊ ယဉ်ကျေးမှုစရိုက်လက္ခဏာများနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို အားလုံးအနေဖြင့် စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်သွားရန် တာဝန်ရှိသည်။ ယင်းတို့သည် ကိုယ်ပိုင်လက္ခဏာများ၊ အမျိုးသားရေးတာဝန်များဖြစ်၍ ယင်းတို့ကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်သွားရမည်ဖြစ်သည်။ ဒီမိုကရေစီနိုင်ငံသစ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြီးခဲ့သည့်ကာလများက နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်ခဲ့ရာတွင် အားသာချက်များရှိသလို အားနည်းချက်များလည်းရှိခဲ့မည်ဖြစ်သည်။ လက်ရှိကာလတွင် နိုင်ငံတော်အစိုးရအဖွဲ့အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် အားနည်းချက်များကို ထိန်းသိမ်းပြင်ဆင်ပြုပြင်၍ ဒီမိုကရေစီအစိုးရနှင့် လိုက်လျောညီထွေဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြမည်ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီစနစ်နှင့်လျော်ညီသည့် ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်၍ ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာဖြစ်စေရေး ဆက်လက်ဆောင်ရွက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို ဆက်လက်အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ပါကြောင်း။ ။

## သာယာဝတီမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

သာယာဝတီ မေ ၇

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်းနှင့် Biometric ကောက်ယူကာ UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ပြည်တော်သာရပ်ကွက်၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာသို့ သာယာဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ထွေး၊ ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်ထွဋ်၊ အဖွဲ့ဝင် ဦးမြင့်သူနှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ကာ ကတ်ကိုင်ဆောင်ရာတွင် သိရှိသင့်သည့်အချက်များ၊ ဆောင်ရန်/ ရှောင်ရန်များကို ပြောကြားခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## (၇-၅-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃~၃၆၆၉ | ၅၅၇~၅၅၈.၇ | ၁၂၅.၃~၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၉,၇၆၂,၂၈၃.၂၃ | ၇,၉၈၅,၆၀၉.၉၉ | ၆၆,၈၃၂,၈၇၇.၃၀ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ ဂျုံ၊ တိရစ္ဆာန်အစာ၊ စားသုံးကုန်စည်၊ စက်မှုကုန်ကြမ်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဓာတ်မြေဩဇာတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍ ဝင်ရောက်ငွေမှ LNG ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁ သန်းကိုလည်းကောင်း၊ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁.၃၄ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၀၁ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ၇ - ၅ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၁၀၀၀၀၀** ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၇ - ၅ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၃,၅၀၀ | ၁၃,၅၀၀ | ၈၃၄ | ၁၁,၂၅၉,၀၀၀ |
| MTSH | ၆,၃၀၀ | ၆,၄၀၀ | ၂,၄၆၃ | ၁၅,၅၁၇,၅၀၀ |
| MCB | ၉,၅၀၀ | ၉,၅၀၀ | ၇၅၇ | ၇,၁၉၁,၅၀၀ |
| FPB | ၄,၃၀၀ | ၄,၂၀၀ | ၂,၅၁၀ | ၁၀,၇၇၆,၄၀၀ |
| TMH | ၃,၂၅၀ | ၃,၂၅၀ | ၁၆ | ၅၂,၀၀၀ |
| EFR | ၁,၈၅၀ | ၁,၈၀၀ | ၁,၃၁၆ | ၂,၃၆၉,၀၀၀ |
| AMATA | ၄,၀၀၀ | ၄,၀၀၀ | ၆၄ | ၂၅၆,၀၀၀ |
| MAEX | ၄,၁၀၀ | ၄,၁၀၀ | ၂,၈၁၂ | ၁၁,၅၂၉,၂၀၀ |
| MADPL(PLB) | ၃,၅၅၀ | ၃,၆၀၀ | ၁,၇၄၀ | ၆,၁၈၉,၀၀၀ |
| ASPGB(PLB) | ၃၈,၅၀၀ | ၃၈,၅၀၀ | ၃၅၆ | ၁၃,၇၀၆,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

- ❖ ပတ္တမြားကြီးအနေဖြင့် ခရမ်းရောင်သမ်းသော အနီရောင်တွင် အဝါရိပ်ဖောက်သောအရောင်ရှိပြီး အရောင်အဆင့်အတန်းအားဖြင့် ကောင်းမွန်
- ❖ အလင်းပေါက်အား သင့်တင့်ပြီးဖန်ရောင်လက်ကောင်းမွန်ကာ ပြုပြင်ထားခြင်းမရှိသော သဘာဝအတိုင်းရှိသည့် ပတ္တမြားကြီးဖြစ်
- ❖ ၁၉၉၆ ခုနှစ်တွင် ရရှိခဲ့သော ပတ္တမြားသည် အလေးချိန်အားဖြင့် အများဆုံး ဖြစ်သော်လည်း အရောင်နှင့် အရည်အသွေးနှိုင်းယှဉ်ပါက ယခုနောက်ဆုံးတွေ့ရှိခဲ့သော ပတ္တမြားသည် အရောင်နှင့်အရည်အသွေး ပိုမိုကောင်းမွန်သောကြောင့် တန်ဖိုးပိုမိုမြင့်မား



မိုးကုတ်ရတနာမြေမှ ရှာဖွေတွေ့ရှိသည့် ထူးခြားလှပပြီး အရွယ်အစားကြီးမားသော ပတ္တမြားကြီးအား တွေ့ရစဉ်။

☆ ရှေ့ဖုံးမှ

နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတရုံးတော် ဧည့်ခန်းမဆောင်၌ ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီးနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က ပတ္တမြားကြီး၏ အချက်အလက်များနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတနှင့် တက်ရောက်လာကြသူများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ပတ္တမြားကြီးအား ကြည့်ရှုကြသည်။

ယခုရှာဖွေတွေ့ရှိခဲ့သော ပတ္တမြားသည် အလေးချိန် ၂၂၀၀ ဂရမ် (၁၁၀၀၀ ကရက်) ရှိသဖြင့် အရွယ်အစားကြီးမားသောကြောင့် ရှာဖွေတွေ့ရှိရန် ခက်ခဲပြီး ရှားပါးကြောင်း၊ ပတ္တမြားကြီးအနေဖြင့် ခရမ်းရောင်သမ်းသော အနီရောင်တွင် အဝါရိပ်ဖောက်သောအရောင်ရှိပြီး အရောင်အဆင့်အတန်းအားဖြင့် ကောင်းမွန်ကြောင်း၊ အလင်းပေါက်အား သင့်တင့်ပြီးဖန်ရောင်လက်ကောင်းမွန်ကာ ပြုပြင်ထားခြင်းမရှိသော သဘာဝအတိုင်းရှိသည့် ပတ္တမြားကြီးဖြစ်ကြောင်း သိရှိရသည်။

ယခင်က မိမိတို့နိုင်ငံတွင် ရှားပါးပြီးတန်ဖိုးရှိသည့် ၁၉၉၀ ပြည့်နှစ်တွင် ရရှိခဲ့သော အလေးချိန် ၉၉ ဒသမ ၂၅ ဂရမ်(၄၉၆ ဒသမ ၂၅ ကရက်) ရှိ နဝတ ပတ္တမြား၊ ၁၉၉၆ ခုနှစ်တွင် ရရှိခဲ့သော အလေးချိန် ၄၂၉၀ ဂရမ်(၂၁၄၅၀ ကရက်) ရှိ ပတ္တမြားနှင့် ၂၀၂၂ ခုနှစ်တွင် ရရှိခဲ့သော အလေးချိန် ၅၅၇ ဒသမ ၈၅ ဂရမ်(၂၇၈၉ ဒသမ ၂၅ ကရက်) ရှိ နစက ပတ္တမြားတို့ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ယခုပတ္တမြား အပါအဝင် ပတ္တမြားလေးပွင့်လုံးသည် မန္တလေးတိုင်းဒေသကြီး မိုးကုတ်ဒေသမှ ထွက်ရှိပြီး သက်ဆိုင်ရာ ပတ္တမြားတစ်ပွင့်ချင်းအလိုက် ဂုဏ်သတ္တိ ထူးခြားချက်များရှိသောကြောင့် အလွန်တန်ဖိုးရှိသည့် ပတ္တမြားများဖြစ်ကြကြောင်း၊ ၁၉၉၆ ခုနှစ်တွင် ရရှိခဲ့သော ပတ္တမြားသည် အလေးချိန်အားဖြင့် အများဆုံးဖြစ်သော်လည်း အရောင်နှင့် အရည်အသွေးနှိုင်းယှဉ်ပါက ယခုနောက်ဆုံးတွေ့ရှိခဲ့သော ပတ္တမြားသည် အရောင်နှင့် အရည်အသွေးပိုမိုကောင်းမွန်သောကြောင့် တန်ဖိုးပိုမိုမြင့်မားကြောင်း သိရသည်။

**သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၇**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး H.E. Mr.Harishchandra Ghimire အား ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနှင့်နီပေါနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ကောင်းမွန်သည့် ဆက်ဆံရေးကို ပြန်လည်သုံးသပ်ကြပြီး နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ချဲ့ထွင်နိုင်မည့် နည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော် နီပေါနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၇**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ရုံးအမှတ် (၂၆) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-နီပေါ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ ဘဏ်လုပ်ငန်းကဏ္ဍဆိုင်ရာ ICT နှင့် ဒီဂျစ်တယ် ပူးပေါင်းဆောင်ရွက်မှုနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





## ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၇**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး H.E. Mr.Harishchandra Ghimire အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ – နီပေါ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲစေရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုကောင်းမွန်လာစေရေးတို့အတွက် အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ ဒီဂျစ်တယ်နှင့် နည်းပညာဆိုင်ရာ ဖွံ့ဖြိုးရေးတွင် ပါဝင်ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပထမအကြိမ် အစည်းအဝေးကျင်းပ



နေပြည်တော် မေ ၇

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပထမအကြိမ် အစည်းအဝေးကိုယနေ့မွန်းလွဲ ၁ နာရီတွင်နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးထွန်းအုံ၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ပထမအကြိမ်ပြုလုပ်သည့် အစည်းအဝေးဖြစ်ကြောင်း၊ အစိုးရသစ်ကာလအတွင်း နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို နိုင်ငံတော်သမ္မတက မှာကြားလမ်းညွှန်ခဲ့ပြီးဖြစ်ရာ အထူးစီးပွားရေးဇုန်များအနေဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် နည်းလမ်းမျိုးစုံဖြင့် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေသည့် အထူးစီးပွားရေးဇုန်များသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အစိတ်အပိုင်းဖြစ်ကြောင်း၊ ပြည်သူအများ အလုပ်အကိုင်ရရှိစေရန်၊ ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားပြီး ပြည်ပပို့ကုန်တိုးတက်စေရန်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးများလာစေရန်နှင့် နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိစေရန်တို့အတွက် အထူးစီးပွားရေးဇုန်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးသည် အရေးကြီးပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ယခင်ကျင်းပခဲ့သည့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ် ဒုတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက အမှာစာများကို တင်ပြကြပြီး မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အထူးစီးပွားရေးဇုန်များ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ သုံးသပ်တွေ့ရှိချက်များကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက်လာကြသည့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ဝင်များက ဇုန်တစ်ခုချင်းအလိုက် လုပ်ငန်းဆောင်ရွက်ပေးနေမှု အခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက်ဆွေးနွေးတင်ပြကြရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## အင်္ဂပူမြို့ မြို့မဈေး၌ မီးဘေးကာကွယ်ရေးဆောင်ရွက်

အင်္ဂပူ မေ ၇

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့ မြို့မဈေးတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်နည်း ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲမင်းသိန်းနှင့် တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပြီး အရေးပေါ်မီးငြိမ်းသတ်နည်း၊မီးသတ်ယာဉ်နှင့် မီးငြိမ်းသတ်နည်းတို့ကို စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဈေးသူဈေးသားများနှင့် ဇာတ်တိုက်လေ့ကျင့်ကြကြောင်း သိရသည်။

မန်းကျော်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့မဈေးသစ်၌ မီးသတ်ဦးစီးဌာန ဦးစီးအရာရှိနှင့်တပ်ဖွဲ့ဝင်များက စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဈေးသူဈေးသားများအား မေ ၇ ရက်က မီးဘေးကာကွယ်ရေးအသိပညာပေးပြီး မီးငြိမ်းသတ်နည်း ဇာတ်တိုက်လေ့ကျင့်စဉ်။

ဇလွန်(ပြန်/ဆက်)

## ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း လယ်ဝေးမြို့နယ် သမဝါယမစနစ် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည် ယနေ့နံနက်ပိုင်းက သက်ဆိုင်ရာတာဝန်ရှိသူများနှင့် အတူ နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အတွင်း သမဝါယမစနစ်ဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် တလုပ်ပင်ကျေးရွာအုပ်စု ကွင်းအမှတ်-၁၈၅၄ (ခ) တွင် ဒိုမြန်မာ အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းက အသားတိုးနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်နေမှုများ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် သမဝါယမစနစ်ဖြင့် စနစ်ကျသောမွေးမြူရေးလုပ်ငန်းများ ဖြစ်ပေါ်လာစေရေး အားပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိရစ္ဆာန်ရောဂါများ မကျရောက်စေရေး ကြိုတင်ကာကွယ်ဆောင်ရွက်ကြရန်နှင့် တိရစ္ဆာန် ဖြည့်စွက်စာများ လုံလောက်မှုရှိစေရေး စီမံဆောင်ရွက်ရန် ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် လယ်ဝေးမြို့နယ် ရှားချောင်းကျေးရွာရှိ နှမ်းစပါးစိုက်တောင်သူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက တောင်သူများအနေဖြင့် ရောင်းချရာတွင်လည်း တစ်ဦးချင်းရောင်းချပါက အကျိုးအမြတ်ရရှိမှု နည်းပါးနိုင်ကြောင်း၊ ထို့ကြောင့် သမဝါယမစနစ်ဖြင့် တစ်ကွင်းတစ်ဆက်စပ်တည်းရှိသော လယ်ကွင်းများတွင် ထွန်ယက်ချိန်၊ စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်များ တူညီစေရေး စုပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း လိုအပ်သည့် မျိုးကောင်းမျိုးသန့်၊ သွင်းအားစုဓာတ်မြေဩဇာများ အချိန်မီရရှိရေး၊ စိုက်ပျိုးရေရရှိရေး ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ စနစ်ကျလယ်ယာစနစ်ဖော်ထုတ် ဆောင်ရွက်နိုင်သည် အထိမျှော်မှန်းပြီး ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း ဆွေးနွေးမှာကြားပြီး ဒေသခံတောင်သူများ၏ ဒေသဖွံ့ဖြိုးရေးတင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## တိုက်ကြီးမြို့နယ်၌ ဥက္ကံချောင်းပိတ် အိုင်ကြီးတမံ မြေသားပြန်လည်ဖယ်ရှားခြင်းလုပ်ငန်း ဆောင်ရွက်

တိုက်ကြီး မေ ၇

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဥက္ကံချောင်းပိတ် အိုင်ကြီးတမံ မြေသားပြန်လည်ဖယ်ရှားခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်/မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ နွေစပါးစိုက်ပျိုးရာသီတွင် ဥက္ကံမြို့ သပြေကုန်းကျေးရွာအုပ်စုနှင့် ဥက္ကံရွာမကျေးရွာအုပ်စုတို့ရှိ နွေစပါးစိုက်ဧက ၂၀၀၀ ကျော်တို့အား ဆည်ရေအောင်မြင်စွာပေးဝေနိုင်ရေးအတွက် ဥက္ကံချောင်းပိတ် အိုင်ကြီးတမံအား မိုးမကျမီ မြေသားပြန်လည်ဖယ်ရှားခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးပြီး အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးနှင့် ရေစီးရေလာကောင်းမွန်ရေးတို့ကို ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)



# အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့နှင့် အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၇**

ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီသည် မေ ၅ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သားဖွား ဆရာမများနေ့နှင့် မေ ၁၂ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာသူနာပြုများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သူနာပြုတက္ကသိုလ် ရန်ကုန် Auditorium ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဆက်နွှယ်သည့်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကဆေးရုံများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကမ္ဘာ့ကပ်ရောဂါဘေးကာလတွင် ကျန်းမာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံအတွင်းရှိ လူသားများ၏ အသက်ဘေးအန္တရာယ်များကို ဘေးကင်းလုံခြုံစေရန်ဆောင်ရွက်ခဲ့ပြီး လူသားများ၏ အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့ကြောင်း၊ အရေးပေါ်လူနာများကို အချိန်မီပြုစုကုသကယ်ဆယ်ရာတွင် သူနာပြု၊ သားဖွားများ၏ ကိုယ်ကျိုးစွန့်မှု၊ အနစ်နာခံမှု၊ သူနာပြုကျင့်ဝတ်ကိုလိုက်နာ၍ နေ့ညမရွေး တာဝန်ထမ်းဆောင်ခဲ့ကြသည်ကို တွေ့ရှိရသဖြင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် များစွာဂုဏ်ယူကျေနပ်ပါကြောင်း၊ ပြည်သူလူထုအား အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများပေးရန်၊ ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များ အောင်မြင်ရန် ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုသားဖွားသင်တန်းကျောင်းနှင့် သူနာပြုတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက ဂုဏ်ပြုတေးသီချင်းများဖြင့် ဖျော်ဖြေသီဆိုပြီး ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း ဆေးပညာရှင်တံဆိပ် (တတိယအဆင့်)ရရှိသူတစ်ဦး၊ လူမှုထူးချွန်တံဆိပ် (တတိယအဆင့်)ရရှိသူ ၃၃ ဦးတို့ကို ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးတို့က ထပ်ဆင့်ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီဥက္ကဋ္ဌဒေါ်နွဲ့နွဲ့ခင်က မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီသို့ အလှူငွေများပေးအပ်ခဲ့သည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။

ဒုတိယပိုင်းအစီအစဉ်တွင် အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့၏ ဆောင်ပုဒ်ဖြစ်သည့် "One Million More Midwives" **(မိခင်နှင့်ကလေး ကျန်းမာရေး၊ သားဖွားဆရာမများ ပိုမိုမွေးထုတ်ပေး)**နှင့် အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ ဆောင်ပုဒ်ဖြစ်သည့် "Our Nurses. Our Future. Empowered Nurses Save Lives" **(အနာဂတ်ကမ္ဘာ ကျန်းမာဖွံ့ဖြိုးဖို့ သူနာပြုစွမ်းရည်မြှင့်တင်လို့ အသက်ပေါင်းများစွာ ကယ်ဆယ်စို့)**တို့ကို မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက ရှင်းလင်းပြောကြားကာ သူနာပြု၊ သားဖွားနှင့် သက်ဆိုင်သော ပညာပေးအစီအစဉ်များ၊ ဖျော်ဖြေရေး အစီအစဉ်များဆောင်ရွက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဖယ်ခုံမြို့နယ်နှင့် မိုးဗြဲမြို့နယ်တို့မှ နေရပ်ပြန်ပြည်သူများအား ထောက်ပံ့ပေးအပ်

**ကလော မေ ၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့တွင် ကလောမြို့မှ ဖယ်ခုံမြို့သို့ သွားရောက်ပြီး ဖယ်ခုံမြို့ သဒ္ဓမ္မသဒ္ဓိ ပရိယတ္တိစာသင်တိုက် ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး မြို့နယ်ခန်းမ၌ ဖယ်ခုံမြို့နယ်နှင့် မိုးဗြဲမြို့နယ်တို့သို့ နေရပ်ပြန်ရောက်ရှိလာသော ပြည်သူများအား တွေ့ဆုံကာ ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်သည်။

**ပေးအပ်**

နေရပ်ပြန် ပြည်သူများအနက် အသက်(၇၅)နှစ် အထက် သက်ကြီးဘိုးဘွား ၂၀၆ ဦးအတွက် ငွေကျပ် ၆၁၈၀၀၀၀၊ အသက်(၅) နှစ်အောက် ကလေး ၄၈၄ ဦး အတွက် ငွေကျပ် ၁၄၅၂၀၀၀၀၊ ကိုယ်ဝန်ဆောင် ၃၂ ဦးအတွက် ငွေကျပ် ၉၆၀၀၀၀ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၂၁၆၆၀၀၀၀ နှင့် နေရပ်ပြန်ပြည်သူ အိမ်ထောင်စု ၁၈၁၆ စုမှ လူဦးရေ ၆၅၂၀ အတွက် ဆန်ရိက္ခာဖိုးတစ်လစာ ငွေကျပ် ၁၃၀၄၀၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်း ၁၅ မျိုး ၁၈၁၆ အိမ်ထောင်စုစာနှင့် တာပေါ်လင်ထုပ် ၆၁ ထုပ်တို့ကို ပြည်ထောင်စုဝန်ကြီးနှင့် နယ်မြေခံတပ်နယ်မှူး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ လီဆူးတိုင်းရင်းသားရေးရာဝန်ကြီး၊ ကယန်းတိုင်းရင်းသားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ပြည်သူများလက်ဝယ်သို့ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နေရပ်ပြန်ပြည်သူများကို အားပေးစကား ပြောကြားပြီး ဖယ်ခုံမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဖယ်ခုံပြည်သူ့ဆေးရုံ၌ ဆရာဝန်၊ ဆရာမများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ယမန်နေ့ မွန်းလွဲပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ် ညောင်ရွှေမြို့သို့ သွားရောက်၍ မန္တလေးငလျင်ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်မှုအဖြစ် အာဆီယံနိုင်ငံများက AHA Center(အဟာစင်တာ)မှတစ်ဆင့် လှူဒါန်းသော အလှူငွေများဖြင့် ဆောင်ရွက်ခဲ့သည့် အသင့်တပ်ဆင်စာသင်ဆောင်များ ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ အိုင်ကလောင် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၇**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဦးသန်းဝင်းနှင့် ဦးအုန်းခိုင်တို့ ဦးဆောင်သော အဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ အိုင်ကလောင် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများကို အိပ်ဆောင်များတွင် တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု၊ ကျန်းမာရေး စောင့်ရှောက်မှုရှိ၊ မရှိ၊ လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရရှိပါက ဆေးကုသပေးမှု အခြေအနေ၊ သန့်ရှင်းသော သောက်သုံးရေ လုံလောက်မှုရှိ၊ မရှိ၊ အလုပ်နားရက်တွင် ကိုယ်လက်လှုပ်ရှား အားကစားဆောင်ရွက်ပေးမှု၊ အကျဉ်းသားများက စခန်းစာကြည့်တိုက်ရှိ စာအုပ်များ ငှားရမ်းဖတ်ရှုရာတွင် လွယ်ကူစွာဖတ်ရှုနိုင်ရေး ဆောင်ရွက်ပေးမှု ရှိ၊ မရှိ၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် ရှိ၊ မရှိ၊ မိသားစုတွေ့ဆုံခွင့်နှင့် ထောင်ဝင်စာ ပစ္စည်းများ စုံလင်စွာရရှိခြင်းရှိ၊ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်းရှိ၊ မရှိ၊ လုပ်ငန်းခွင်အတွင်း တာဝန်ပေးအပ်ရာတွင် ခွဲခြားဆက်ဆံမှု ရှိ၊ မရှိ၊ ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းမှု ရှိ၊ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်သည်။

ထို့နောက် အကျဉ်းသားများ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်၊ သုံးရေကန်များနှင့် အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးပြီး အကျဉ်းသားများ လေ့လာ ဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ်ရာ စာအုပ်စာပေများကို ကော်မရှင်ကလှူဒါန်းသည်။

ကြည့်ရှုစစ်ဆေးရေး အဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု**

# တားဆီးကာကွယ် မီးခိုးမြူငွေ့အန္တရာယ်

**မင်းခန့်**

ယနေ့အချိန်ခါမှာ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်း ကြည်လင်ပြာလွင့်နေတဲ့ ကောင်းကင်ပြာကြီးဟာ တစ်စတစ်စ မှေးမှိန်လာနေပြီဖြစ်ပါတယ်။ လတ်ဆတ်တဲ့လေကို ရှူရှိုက်ခွင့်ရမယ့်အစား တောမီးလောင်ကျွမ်းမှုတွေ၊ စိုက်ပျိုးရေးသုံးစွန့်ပစ်ပစ္စည်းတွေနဲ့ အမှိုက်တွေမီးရှို့မှုကနေ ထွက်ပေါ်လာတဲ့ အဆိပ်သင့်စေတဲ့ ဖုန်မှုန့်တွေနဲ့ မီးခိုးမြူငွေ့တွေကိုသာရှူရှိုက်နေရပြီး ဒါက လူသားတွေရဲ့ အသက်ရှင်သန်နေထိုင်မှုဘဝတွေကို များစွာအန္တရာယ်ပေးလျက်ရှိနေပါတယ်။ ဒီလေထုညစ်ညမ်းမှုပြဿနာဟာ ဒေသတစ်ခုတည်း၊ မြို့တစ်မြို့တည်းမှာသာ သီးခြားဖြစ်ပေါ်နေတဲ့ကိစ္စရပ်မဟုတ်ဘဲ ကမ္ဘာတစ်ဝန်း ရင်ဆိုင်ကြုံတွေ့နေရတဲ့ ခြိမ်းခြောက်မှုတစ်ခုဖြစ်လာနေပြီ ဖြစ်ပါတယ်။

**မဲခေါင်ဒေသခွဲတွင် Fire Hotspots နှင့် မီးခိုးမြူငွေ့ နေ့စဉ် ဖြစ်ပေါ်မှု အခြေအနေ (၄.၅.၂၀၂၆)**




| စဉ် | နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် | Hotspot အရေအတွက် | |
|---|---|---|---|
| | | ၄-၅-၂၀၂၅ | ၄-၅-၂၀၂၆ |
| ၁ | နေပြည်တော် | - | - |
| ၂ | ကချင်ပြည်နယ် | ၄ | - |
| ၃ | ကယားပြည်နယ် | - | - |
| ၄ | ကရင်ပြည်နယ် | ၁ | ၂ |
| ၅ | ချင်းပြည်နယ် | - | - |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | - | - |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | - | ၇ |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၁ | ၄ |
| ၉ | မကွေးတိုင်းဒေသကြီး | - | - |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | - | ၁ |
| ၁၁ | မွန်ပြည်နယ် | - | - |
| ၁၂ | ရခိုင်ပြည်နယ် | ၂ | ၁ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | - | ၁ |
| ၁၄ | ရှမ်းပြည်နယ် | ၂ | - |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၃ | ၁၃ |
| | စုစုပေါင်း | ၁၃ | ၂၉ |

## လေထုညစ်ညမ်းမှုအန္တရာယ်ကို ပြည်သူလူထုတစ်ရပ်လုံး အလူးအလဲခံစားကြရ

အထူးသဖြင့် ရာသီဥတု ပူပြင်းခြောက်သွေ့တဲ့ ပွင့်လင်းရာသီကာလတွေကို ရောက်ရှိလာချိန်တိုင်း နိုင်ငံအနှံ့အပြားမှာ မီးလောင်ကျွမ်းတဲ့နေရာတွေ သိသိသာသာများပြားလာလေ့ရှိပြီး လေထုညစ်ညမ်းမှုအန္တရာယ်ကို ပြည်သူလူထုတစ်ရပ်လုံး အလူးအလဲခံစားကြရလေ့ရှိပါတယ်။ ဒီအခြေအနေဟာ ကျန်းမာရေးရှုထောင့်ကနေကြည့်ရင် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါတွေ၊ နှလုံးနဲ့ သွေးကြောဆိုင်ရာပြဿနာတွေကို ဖြစ်စေရုံသာမက ကလေးငယ်တွေနဲ့ သက်ကြီးရွယ်အိုတွေအတွက် အထူးစိုးရိမ်ဖွယ်ရာအဆင့်အထိ ရောက်ရှိနေတာပဲ ဖြစ်ပါတယ်။

ကိန်းဂဏန်းအချက်အလက်တွေအရ လေ့လာကြည့်မယ်ဆိုရင် ယခု ၂၀၂၆ ခုနှစ်ရဲ့ ဇန်နဝါရီလကနေ ဖေဖော်ဝါရီလအထိ ကာလအတွင်းမှာတင် နိုင်ငံတစ်ဝန်းမှာ မီးလောင်ကျွမ်းမှုဖြစ်စဉ်ပေါင်း ခုနစ်ထောင်ကျော်အထိ ဖြစ်ပေါ်ခဲ့တာကို စိုးရိမ်ဖွယ်ရာ တွေ့ရှိရပါတယ်။ ဒီအရေအတွက်ဟာ ပြီးခဲ့တဲ့ ၂၀၂၅ ခုနှစ်ရဲ့ အလားတူကာလက ဖြစ်ပေါ်ခဲ့မှုထက် ၂၆ ရာခိုင်နှုန်းခန့် ပိုမိုများပြားနေပြီး ၂၀၂၄ ခုနှစ်ကထက် ၁၀ ရာခိုင်နှုန်းခန့် ပိုမိုတိုးတက်များပြားလာနေတာလည်း ဖြစ်ပါတယ်။ ဂြိုဟ်တုပုံရိပ်တွေအရလည်း ဇန်နဝါရီလမှစတင်ကာ မြန်မာနိုင်ငံအနှံ့အပြား၊ အထူးသဖြင့် ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နဲ့ မန္တလေးတိုင်းဒေသကြီး စတဲ့ဒေသတွေမှာ မီးလောင်ကျွမ်းမှုတွေ အလွန်သိပ်သည်းစွာ ဖြစ်ပေါ်နေတာကို ထင်ရှားစွာမြင်တွေ့နေရပါတယ်။

ဒီလို မီးလောင်ကျွမ်းမှုအများစုဟာ တောမီးလောင်ကျွမ်းခြင်း၊ တောင်ယာခုတ်ထွင်ရှင်းလင်းဖို့ မီးရှို့ခြင်းနဲ့ လယ်ယာထွက်ကုန်ပစ္စည်းတွေကို မီးရှို့ခြင်းတို့ကြောင့် အဓိကဖြစ်ပေါ်လာရခြင်း ဖြစ်ပါတယ်။ အဲဒီကနေထွက်ပေါ်လာတဲ့ မီးခိုးမြူငွေ့တွေဟာ လေစီးကြောင်းနဲ့အတူ နိုင်ငံအနှံ့ကိုသာမက အိမ်နီးချင်းနိုင်ငံတွေကိုပါ နယ်စပ်ဖြတ်ကျော်ပျံ့နှံ့သွားပြီး ဆိုးရွားတဲ့လေထုညစ်ညမ်းမှုတွေကို ဖြစ်ပေါ်စေလျက်ရှိပါတယ်။

## ကာကွယ်တားဆီးရေးလုပ်ငန်းစဉ်တွေကို အနီးကပ်ကြပ်မတ်ဆောင်ရွက်

ဒီလိုသဘာဝပတ်ဝန်းကျင်နဲ့ ကျန်းမာရေးဆိုင်ရာ ခြိမ်းခြောက်မှုကို ဖြေရှင်းနိုင်ဖို့အတွက် နိုင်ငံတော်အစိုးရအနေနဲ့ အထူးအလေးထားပြီး တားဆီးကာကွယ်မှုတွေကို စနစ်တကျ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့နေရာမှာ ထိရောက်မှုရှိစေဖို့အတွက် မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီကို စနစ်တကျ ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ပါတယ်။ အဆိုပါကော်မတီအနေနဲ့ လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ရာမှာ နှစ်စဉ် မီးခိုးမြူငွေ့ စတင်ဖြစ်ပေါ်လေ့ရှိတဲ့ နိုဝင်ဘာလမတိုင်မီ အောက်တိုဘာလမှာ တစ်ကြိမ်၊ မီးခိုးမြူငွေ့အများဆုံးဖြစ်ပေါ်လေ့ရှိတဲ့ မတ်လ၊ ဧပြီလနဲ့ မေလတွေမတိုင်မီ ဖေဖော်ဝါရီလမှာ တစ်ကြိမ်၊ မီးခိုးမြူငွေ့ ပြန်လည်လျော့ကျသွားတဲ့ ဇွန်လမှာ တစ်ကြိမ် စုစုပေါင်း တစ်နှစ်ကို အစည်းအဝေး သုံးကြိမ် ကျင်းပပြီး ကာကွယ်တားဆီးရေးလုပ်ငန်းစဉ်တွေကို အနီးကပ်ကြပ်မတ်ဆောင်ရွက်လျက်ရှိနေပါတယ်။

ကော်မတီရဲ့ အဓိကရည်မှန်းချက်တစ်ခုကတော့ နိုင်ငံတစ်ဝန်းဖြစ်ပေါ်နေတဲ့ မီးလောင်ကျွမ်းမှုအခြေအနေတွေကို အခြေခံထားပြီး ယခု ၂၀၂၆ ခုနှစ်အတွင်း မီးလောင်ကျွမ်းမှုဖြစ်စဉ်တွေကို ယခင်ကထက် ၂၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရေးကို ပြတ်ပြတ်သားသား ရည်မှန်းချက်ထား ဆောင်ရွက်နေခြင်းပဲဖြစ်ပါတယ်။ ဒီရည်မှန်းချက် အောင်မြင်စေဖို့အတွက် မြေပြင်ကွင်းဆင်းစစ်ဆေးရေးလုပ်ငန်းတွေကို ထိရောက်စွာဆောင်ရွက်ဖို့နဲ့ လိုအပ်ရင် ခရိုင်အဆင့်၊ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့တွေကို ထပ်မံဖွဲ့စည်းဆောင်ရွက်နေပါတယ်။

ရည်မှန်းချက်တွေ အောင်မြင်စေဖို့နဲ့ ပြည်သူလူထုအတွင်း အသိပညာများတိုးပွားရရှိစေဖို့အတွက် အစိုးရဌာနဆိုင်ရာတွေဟာ အသိပညာပေးလုပ်ငန်းတွေကို သမားရိုးကျနည်းလမ်းတွေနဲ့သာမက ခေတ်မီနည်းပညာတွေကိုပါ ပေါင်းစပ်ပြီး နည်းမျိုးစုံနဲ့ ထိရောက်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အသိပညာပေးလုပ်ငန်းတွေမှာ မြေပြင်ကွင်းဆင်းဟောပြောတာ၊ လက်ကမ်းစာစောင်တွေဖြန့်ဝေတာ၊ ရုပ်မြင်သံကြား၊ ရေဒီယိုနဲ့ သတင်းစာတွေကတစ်ဆင့် နှိုးဆော်တာတွေသာမက ယခုအခါ ပြည်သူတွေ အလွယ်တကူ လက်လှမ်းမီနိုင်တဲ့ အွန်လိုင်းမီဒီယာပလက်ဖောင်းတွေကိုပါ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလုပ်ဆောင်နေပြီဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံတော်အစိုးရနဲ့ သတင်းမှန်ပြန်ကြားရေးကွန်ရက်တွေကတစ်ဆင့် လူမှုကွန်ရက်စာမျက်နှာအသီးသီးကိုအသုံးပြုပြီး ပြည်သူတွေဆီ အချိန်နဲ့တစ်ပြေးညီ သတင်းစကားတွေ ပါးလျက်ရှိပါတယ်။

ဒါ့အပြင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနဲ့ချိတ်ဆက်ကာ ပြည်သူလူထုရဲ့ လက်ကိုင်ဖုန်းတွေဆီကို အိမ်ကထွက်ရှိတဲ့အမှိုက်တွေ မီးမရှို့ဖို့၊ တောင်ယာနဲ့ သစ်တောတွေအတွင်း မီးမဆင်မခြင် အသုံးပြုတာကို ရှောင်ကြဉ်ဖို့ စာတိုတွေပေးပို့အသိပေးတာတွေကိုပါ မကြာခဏ လုပ်ဆောင်နေတာကို တွေ့ရပါတယ်။ တိုင်းစစ်ဌာနချုပ်တွေမှာ ဖွဲ့စည်းထားတဲ့ သတင်းမှန်ပြန်ကြားရေးအဖွဲ့တွေနဲ့ ချိတ်ဆက်ပြီး အရပ်ဘက်ဝန်ကြီးဌာနတွေက မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးသတင်းတွေကိုလည်း သက်ဆိုင်ရာနယ်မြေတွေမှာ ထပ်မံဖြန့်ဝေဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို ဘက်စုံထောင့်စုံကနေ ထိုးဖောက်ပြီး ပြည်သူတစ်ရပ်လုံးဆီကို မီးခိုးမြူငွေ့အန္တရာယ်တားဆီးရေး သတင်းစကားတွေ ပိုမိုထိရောက်လျင်မြန်စွာ ရောက်ရှိစေရေး အလေးထားလုပ်ဆောင်လျက်ရှိနေပါတယ်။

တာဝန်ရှိသူတွေအနေနဲ့ အသိပညာပေးခြင်းသက်သက်နဲ့သာ ရပ်တန့်မနေဘဲ မူဝါဒရေးရာနဲ့ စည်းရုံးရေးလမ်းကြောင်းတွေကိုပါ စနစ်တကျချမှတ် အကောင်အထည်ဖော်နေမှုတွေကလည်း အထူးစိတ်ဝင်စားဖွယ်ကောင်းလှပါတယ်။ ပြည်သူတွေ၊ အထူးသဖြင့် တောင်သူလယ်သမားတွေအနေနဲ့ ရွှေ့ပြောင်းတောင်ယာခုတ်ထွင်မီးရှို့မယ့်အစား ကုန်းမြင့်လယ်ယာစိုက်ပျိုးရေးစနစ်ကို ပြောင်းလဲကျင့်သုံးလာစေဖို့နဲ့ စိုက်ပျိုးရေးကနေ ထွက်ရှိလာတဲ့ စွန့်ပစ်ပစ္စည်းတွေကို မီးရှို့ဖျက်ဆီးမယ့်အစား သဘာဝမြေဩဇာအဖြစ် ပြောင်းလဲပြုလုပ်အသုံးပြုလာစေဖို့ လက်တွေ့ကျကျ ပံ့ပိုးကူညီမှုတွေ ပြုလုပ်ပေးလျက်ရှိပါတယ်။ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေက ဦးဆောင်ပြီး ရိုးပြတ်တွေကို ထယ်မှောက်မြေဆွေးပြုလုပ်တာ၊ ကုန်းစောင်းစိုက်ပျိုးတာနဲ့ သီးနှံသစ်တော ရောနှောစိုက်ပျိုးတာတွေကိုပါ နမူနာပြသ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ စီးပွားရေးအကျိုးအမြတ်ကို တိုက်ရိုက်ချိတ်ဆက်ပေး

စီးပွားရေးအရ တွန်းအားပေးတဲ့ မူဝါဒတွေကိုလည်း ရဲရဲဝံ့ဝံ့ ကျင့်သုံးလာတာကို တွေ့ရပါတယ်။ ဥပမာအားဖြင့် ပြောင်းအများဆုံး စိုက်ပျိုးထွက်ရှိတဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေကနေ အိမ်နီးချင်းနိုင်ငံတွေကို ပြောင်းတင်ပို့မယ့် လုပ်ငန်းရှင်တွေအနေနဲ့ ပြောင်းစိုက်ခင်းတွေမှာ အမှိုက်တွေ မီးရှို့မှုကင်းရှင်းကြောင်း အစိုးရနဲ့ ပုဂ္ဂလိကပူးပေါင်းအဖွဲ့က စိစစ်ထုတ်ပေးတဲ့ မီးခိုးမြူကင်းစင်ကြောင်း ထောက်ခံချက်ရရှိမှသာ တင်ပို့ခွင့်ပြုမယ့်မူဝါဒကို ၂၀၂၆ ခုနှစ် မတ်လအတွင်းကစတင်ပြီး တင်းကျပ်စွာ စတင်ကျင့်သုံးနေပြီ ဖြစ်ပါတယ်။ ဒါဟာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ စီးပွားရေးအကျိုးအမြတ်ကို တိုက်ရိုက်ချိတ်ဆက်ပေးလိုက်တဲ့ အလွန်ထိရောက်တဲ့ စည်းရုံးရေးလက်နက်တစ်လက်ပဲ ဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအပိုင်းမှာလည်း အိမ်နီးချင်းနိုင်ငံတွေနဲ့ နယ်စပ်ဖြတ်ကျော် **စာမျက်နှာ ၇ သို့** ❂

**❛အိမ်တွင်းအမှိုက်တွေကို လွယ်လွယ်ကူကူ မီးရှို့ပစ်တာမျိုးကစလို့ တောင်ယာနဲ့ သစ်တောတွေအတွင်း သတိလက်လွတ် မီးအသုံးပြုတာတွေအထိ လုံးဝရှောင်ကြဉ်ကြရမှာဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးတဲ့စိတ်ဓာတ်နဲ့ သစ်တောတွေကို ထိန်းသိမ်းတာ၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းတွေကို မြေဆွေးအဖြစ် ပြန်လည်အသုံးချတာ စတဲ့ အလေ့အကျင့်ကောင်းတွေကို လူမှုအသိုင်းအဝိုင်းအတွင်း စိမ့်ဝင်ပျံ့နှံ့အောင် တစ်ဦးချင်းစီကစလို့ အသိတရားနဲ့ ကိုယ်တိုင်ကိုယ်ကျ လက်တွေ့အကောင်အထည်ဖော်ကြရမှာဖြစ်❜**

# ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ နေပြည်တော် အစီရင်ခံစာ ထုတ်ပြန်

**နေပြည်တော် မေ ၇**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ နေပြည်တော် အစီရင်ခံစာ ထုတ်ပြန်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ပြည်ထောင်စု နယ်မြေ နေပြည်တော်ကောင်စီ ဇမ္ဗူသီရိ ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်၊ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီမှ စာရင်းအင်းဆိုင်ရာ ဆက်စပ်ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် အောင်မြင်စွာ ကောက်ယူခဲ့ပြီး မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ရွှေ့ပြောင်းလူဦးရေစာရင်း၊ သန်းခေါင်စာရင်း ပင်မအစီရင်ခံစာဖြစ်သည့် ပြည်ထောင်စု အစီရင်ခံစာ၊ အနှစ်ချုပ်အစီရင်ခံစာနှင့် စာရင်းအင်း အသုံးပြုသူများအတွက် စာရင်းဇယားများ ပါဝင်သည့် အစီရင်ခံစာများကို သတ်မှတ်ကာလများအတွင်း တစ်ဆင့်ပြီး တစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါကြောင်း၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် အစီရင်ခံစာများကို ဆက်လက်ရေးသားပြုစုခဲ့ရာ သန်းခေါင်စာရင်း ရာနှုန်းပြည့် ကောက်ယူနိုင်ခဲ့သည့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရာနှုန်းပြည့်နီးပါး ကောက်ယူနိုင်ခဲ့သည့် ပဲခူးတိုင်းဒေသကြီးတို့၏ အစီရင်ခံစာများကို ဦးစားပေး ရေးသားပြုစုခဲ့သည့်အတွက် ယခုအခါ နေပြည်တော်အစီရင်ခံစာကို ထုတ်ပြန်နိုင်ခဲ့ပြီဖြစ်ပါကြောင်း။

နေပြည်တော် အစီရင်ခံစာတွင် နေပြည်တော်၏ လူဦးရေဆိုင်ရာ အချက်အလက်များ အပြင် ရွှေ့ပြောင်းသွားလာခြင်း၊ ပညာရေး၊ လုပ်သားအင်အား၊ မသန်စွမ်းမှု၊ အိမ်အကြောင်းအရာ၊ မွေးဖွားခြင်းနှင့် သေဆုံးခြင်းအကြောင်းအရာစသည့် အခန်းကဏ္ဍများ စုံစုံလင်လင် ပါဝင်ပါကြောင်း၊ ယင်းအချက်အလက်များသည် ဒေသတွင်း၌ လက်ရှိဖြစ်ပေါ်နေသည့် လူဦးရေပြောင်းလဲလာမှုနှင့် မြို့ပြနှင့် ကျေးလက်အလိုက် လူဦးရေ အခြေအနေ၊ ပညာရေး အဆင့်အတန်း၊ လုပ်သားအင်အား အခြေအနေနှင့် အလုပ်လုပ်ကိုင်မှု၊ ရွှေ့ပြောင်းသွားလာမှုနှင့် ပြည်သူများ၏ လူနေမှုအဆင့်အတန်းစသည့် လက်ရှိကာလအခြေအနေကို ဖော်ပြနေပါကြောင်း၊ သန်းခေါင်စာရင်းမှ ဖော်ထုတ်ရရှိသည့်အချက်အလက်များသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် အမျိုးသားရေးရည်မှန်းချက်များ အတွက် လမ်းပြမြေပုံအဖြစ် ပေးစွမ်းနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များကို ဖော်ဆောင်ရာတွင်လည်း မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များအဖြစ် နိုင်ငံတကာက အသိအမှတ်ပြုနိုင်မည် ဖြစ်ပါကြောင်း။



မြန်မာနိုင်ငံသည် အာဆီယံ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်သည်နှင့်အညီ အာဆီယံစာရင်းအင်းကဏ္ဍနှင့် နိုင်ငံတကာ စာရင်းအင်းကဏ္ဍများအတွက်လည်း မိမိတို့နိုင်ငံ၏ အချက်အလက်များကို ပံ့ပိုးပေးနိုင်မည် ဖြစ်သကဲ့သို့ အမျိုးသားညွှန်းကိန်း မူဘောင်အတွက်လည်း အညွှန်းကိန်းများကို ပံ့ပိုးပေးနိုင်မည်ဖြစ်ပါကြောင်း၊ ယနေ့ထုတ်ပြန်သည့်နေပြည်တော် သန်းခေါင်စာရင်း အစီရင်ခံစာသည် နေပြည်တော်၏ စာတတ်မြောက်မှုနှုန်း၊ ပညာရည်အဆင့်အတန်း၊ ကျောင်းဆက်မတက်သည့် အခြေအနေများအပေါ် သုံးသပ်၍ပညာရေးကဏ္ဍတိုးတက်မြင့်မားရေးအတွက် လိုအပ်သည့် အစီအမံများရေးဆွဲနိုင်ရေး ညွှန်ပြပေးသကဲ့သို့ လုပ်သားအင်အား၊ အလုပ်အကိုင် အခြေအနေနှင့် အလုပ်လက်မဲ့နှုန်းတို့ကလည်း နေပြည်တော်တွင်ရှိသည့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် သန်းခေါင်စာရင်း အချက်အလက်များကို အသုံးချ၍ ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက်နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏နေပြည်တော်အစီရင်ခံစာ ထုတ်ပြန်နိုင်မှုနှင့် အစီရင်ခံစာပါ အချက်အလက်များကိုအခြေခံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်မည့် လုပ်ငန်းအခြေအနေကို လည်းကောင်း၊ ဒုတိယဝန်ကြီးက သန်းခေါင်စာရင်းကောက်ယူခြင်းမှ ရရှိနိုင်မည့် အချက်အလက်များအပေါ် အခြေခံကာ မူဝါဒများ၊ စီမံကိန်းများ ရေးဆွဲချမှတ်နိုင်ရေးနှင့် နေပြည်တော် အစီရင်ခံစာနှင့် ပတ်သက်၍ ဖော်ထုတ်ရရှိနိုင်မည့် အခြေအနေကို လည်းကောင်း ရှင်းလင်းဆွေးနွေး တင်ပြသည်။

ယင်းနောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်းဆိုင်ရာ နေပြည်တော် အစီရင်ခံစာများကို လွှဲပြောင်းပေးအပ်ရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက လက်ခံရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ကြီးမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကျင်းပ



**တောင်ကြီး မေ ၇**

ရှမ်းပြည်နယ် လူငယ်ရေးရာကော်မတီက ကြီးမှူးကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက ရှမ်းပြည်နယ်အတွင်း ယာဉ်တိုက်မှု၊ သေဆုံးမှု လျော့ကျလာစေရေးအတွက် ကျောင်းများ၊ တက္ကသိုလ်များ၊ အသင်းအဖွဲ့များ၊ အဝေးပြေးယာဉ်ရပ်နားစခန်းတွင် အသိပညာပေးဟောပြောပွဲများ တိုးမြှင့်ဆောင်ရွက်ကြရန် အဖွင့်အမှာစကားပြောကြားပြီး ဟောပြောမည့် တာဝန်ရှိသူနှစ်ဦးအား အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဗီဒီယိုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ခန်းမအတွင်း ခင်းကျင်းပြသထားသော ပြခန်းများကို ကြည့်ရှုအားပေးပြီး ရှမ်းပြည်နယ်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးက ယာဉ်တိုက်မှုအန္တရာယ် စုပေါင်းကာကွယ်ခေါင်းစဉ်နှင့် ရှမ်းပြည်နယ် ကုန်းလမ်းပို့ဆောင်မှုဦးစီးဌာန ယာဉ်မောင်းစစ်ဆေးရေးဌာနမှ တာဝန်ရှိသူက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေးဟောပြောကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

❂ စာမျက်နှာ ၆ မှ

မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ ပူးတွဲလုပ်ငန်းစီမံချက်တွေကို အရှိန်အဟုန်နဲ့ အကောင်အထည်ဖော်လျက်ရှိနေ တာကလည်း နိုင်ငံတော်အစိုးရရဲ့ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းဖြေရှင်းလိုတဲ့ ဆန္ဒပြင်းပြမှုကို ပြသနေခြင်းဖြစ်ပါတယ်။

ဒီစီမံချက်အရ နှစ်နိုင်ငံအကြား သတင်းအချက်အလက်ဖလှယ်တာတွေ၊ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုတွေ ပြုလုပ်တာနဲ့ တောမီးငြိမ်းသတ်ရေးလုပ်ငန်းတွေမှာ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်တာတွေကို လုပ်ဆောင်လျက်ရှိပါတယ်။ အထူးသဖြင့် ဒေသတွင်း မီးခိုးမြူငွေ့ကင်းစင်ရေးအတွက် နိုင်ငံတကာအစည်းအဝေးတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေမှာ တက်ကြွစွာပါဝင်ဆွေးနွေးပြီး မြန်မာနိုင်ငံရဲ့ ကြိုးပမ်းအားထုတ်မှုတွေကို တင်ပြကာ လိုအပ်တဲ့အထောက်အပံ့တွေ ရရှိနိုင်ရေးအတွက်လည်း ကြိုးပမ်းလျက်ရှိပါတယ်။ ဒီလိုမျိုး မူဝါဒရေးရာ ခိုင်မာမှုနဲ့ နိုင်ငံတကာချိတ်ဆက်မှုတွေဟာ ရေရှည်မှာ လေထုညစ်ညမ်းမှုကို သိသိသာသာ လျှော့ချပေးနိုင်မယ့်အခြေခံကောင်းတွေပဲဖြစ်ပါတယ်။

ဒါပေမဲ့ ဘယ်လိုပဲ ကောင်းမွန်တဲ့မူဝါဒတွေ ချမှတ်ထားစေကာမူ၊ အစိုးရဌာနဆိုင်ရာတွေက ဘယ်လိုကြိုးစားပမ်းစား အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေစေကာမူ ပြည်သူလူထုရဲ့ပူးပေါင်းပါဝင်မှုမရှိဘူးဆိုရင် ဒီမီးခိုးမြူငွေ့အန္တရာယ်ကို အမြစ်ပြတ်တိုက်ဖျက်နိုင်မှာမဟုတ်တာ သေချာပါတယ်။ လေထုညစ်ညမ်းမှုဟာ လူတန်းစားမရွေး၊ ဆင်းရဲချမ်းသာမရွေး အားလုံးရဲ့ကျန်းမာရေးနဲ့ အသက်အန္တရာယ်ကို တိုက်ရိုက်ခြိမ်းခြောက်နေတဲ့ ဘုံရန်သူကြီးဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတစ်ဝန်းမှာ မီးလောင်ကျွမ်းမှုဖြစ်ပေါ်မှုလျှော့ချရေးနဲ့ မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးကို အစိုးရရဲ့လုပ်ငန်းတာဝန်သက်သက်အဖြစ်သာ မရှုမြင်ဘဲ ပြည်သူလူထုတစ်ရပ်လုံးက မိမိတို့ရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရမယ့် အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ခံယူကာ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြဖို့ အထူးပဲ လိုအပ်လှပါတယ်။

အိမ်တွင်းအမှိုက်တွေကို လွယ်လွယ်ကူကူ မီးရှို့ပစ်တာမျိုးကစလို့ တောင်ယာနဲ့ သစ်တောတွေအတွင်း သတိလက်လွတ် မီးအသုံးပြုတာတွေအထိ လုံးဝရှောင်ကြဉ်ကြရမှာဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးတဲ့စိတ်ဓာတ်နဲ့ သစ်တောတွေကို ထိန်းသိမ်းတာ၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းတွေကို မြေဆွေးအဖြစ် ပြန်လည်အသုံးချတာစတဲ့ အလေ့အကျင့်ကောင်းတွေကို လူမှုအသိုင်းအဝိုင်းအတွင်း စိမ့်ဝင်ပျံ့နှံ့အောင် တစ်ဦးချင်းစီက စလို့ အသိတရားနဲ့ ကိုယ်တိုင်ကိုယ်ကျ လက်တွေ့အကောင်အထည်ဖော်ကြရမှာ ဖြစ်ပါတယ်။

**လုံးဝမျက်ကွယ်ပြုထားလို့မရတဲ့ ကိစ္စရပ်တစ်ခုဖြစ်လာ**

ဒီကနေ့ခေတ်မှာ မီးခိုးမြူငွေ့နဲ့ လေထုညစ်ညမ်းမှုပြဿနာဟာ ကျွန်တော်တို့အနေနဲ့ လုံးဝမျက်ကွယ်ပြုထားလို့မရတဲ့ ကိစ္စရပ်တစ်ခု ဖြစ်လာပါတယ်။ လေထုကို နယ်နိမိတ်စည်းတားထားလို့ မရသလိုပဲ ညစ်ညမ်းတဲ့လေထုရဲ့ ဆိုးရွားတဲ့ အကျိုးဆက်တွေဟာလည်း လူသားတိုင်းအပေါ်ကို ဧကန်မလွဲ ကျရောက်လာမှာပဲဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရက ဘက်စုံထောင့်စုံကနေ ကြိုးပမ်းဆောင်ရွက်နေတဲ့ အခုလိုအချိန်အခါမျိုးမှာ ပြည်သူလူထုအနေနဲ့လည်း နိုင်ငံတော်နဲ့အတူ တစ်တပ်တစ်အား ဝိုင်းဝန်းပူးပေါင်းပါဝင်ပေးကြဖို့ အချိန်တန်နေပြီ ဖြစ်ပါတယ်။

ကြည်လင်ပြာလွင့်တဲ့ ကောင်းကင်ယံကို ပြန်လည်ရယူဖို့နဲ့ သန့်ရှင်းလတ်ဆတ်တဲ့လေထုကို ကျွန်တော်တို့ရဲ့ နောင်လာနောက်သား မျိုးဆက်သစ်တွေအတွက် အမွေအနှစ်အဖြစ် ချန်ရစ်ခဲ့နိုင်ဖို့အတွက် မီးခိုးမြူငွေ့အန္တရာယ် တားဆီးကာကွယ်ရေးကို နိုင်ငံသားတိုင်းက မလွှဲမရှောင်ရမယ့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အခိုင်အမာ ခံယူကျင့်သုံးကြဖို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။ ဒီလိုစုပေါင်းအင်အားနဲ့ ဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့ရဲ့ အနာဂတ်ကမ္ဘာကြီးဟာ ပိုမိုလှပပြီး ကျန်းမာပျော်ရွှင်ဖွယ်ကောင်းတဲ့ လူနေမှုဝန်းကျင်တစ်ခုအဖြစ် ရေရှည်တည်ရှိနေမှာဖြစ်တဲ့အကြောင်း တိုက်တွန်းရေးသားအပ်ပါတယ်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ၂၀၂၆ ခုနှစ် အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းဖွင့်ပွဲ တက်ရောက်

နေပြည်တော် မေ ၇

၂၀၂၆ ခုနှစ် အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့ အင်းလေးခေါင်တိုင် လူရည်ချွန်စခန်း၌ ကျင်းပသည်။

ဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က လူရည်ချွန်စခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ၂၀၂၆ ခုနှစ် အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်၊ ပြည်နယ်တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဒေါ်နန်းခမ်းလူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ယင်းနောက် ဒုတိယပိုင်းအခမ်းအနားကို HUPIN ဟိုတယ်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ ပညာရေးကိုအားပေးစို့ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်စေရန် ပညာရေးဝန်ကြီးဌာနက ပံ့ပိုးပေးမည်ဖြစ်ရာ လူရည်ချွန်မောင်မယ်များကလည်း နိုင်ငံတော်၏ပံ့ပိုးမှုနှင့်အတူ ထူးချွန်ပြောင်မြောက်သော ကျွမ်းကျင်ပညာရှင်များဖြစ်လာစေရန် ကြိုးစားကြစေလိုကြောင်း၊ မိမိတို့၏ တာဝန်ဝတ္တရားများ ကျေပွန်စွာထမ်းဆောင်ပြီး ပညာနှင့်နိုင်ငံတော်၏ ပုံရိပ်ကိုဖန်တီးကာ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် ကျရာကဏ္ဍကနေ စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး လူရည်ချွန်မောင်မယ်များနှင့် လူရည်ချွန်ကြီးကြပ်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် လူမှုရေးရာဝန်ကြီးတို့က လူရည်ချွန်မောင်မယ်များအား ရင်ထိုးတံဆိပ်များ ပေးအပ်သည်။

ထို့နောက် တောင်ကြီးဒေသရှိ ၁၉၆၄-၁၉၈၈ လူရည်ချွန်ကြီးများက လူရည်ချွန်မောင်မယ် ၁၃၂ဦး အတွက် တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် ငွေကျပ် ၂၆၄ သိန်းကို ၁၉၆၄-၁၉၈၈ လူရည်ချွန်ကြီးများကိုယ်စား ပြည်နယ်လူမှုရေးရာဝန်ကြီးက လူရည်ချွန် မောင်မယ်များအားလုံး၏ကိုယ်စား လူရည်ချွန်မောင်မယ်နှစ်ဦးအား ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အင်းလေးခေါင်တိုင်လူရည်ချွန်စခန်း၌ လူရည်ချွန်ကျောင်းသားကျောင်းသူများနှင့်အတူ နေ့လယ်စာ အတူတကွ သုံးဆောင်ကြသည်။

ဆက်လက်၍ ညောင်ရွှေမြို့နယ် ကေလာရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)သို့ရောက်ရှိကာ စာသင်ဆောင်များ ဥပဓိရုပ်ကောင်းမွန်ရေး ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# ပြင်ဦးလွင် လူရည်ချွန်စခန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

ပြင်ဦးလွင် မေ ၇

မန္တလေး တိုင်းဒေသကြီး ပြင်ဦးလွင် လူရည်ချွန်စခန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက ပြင်ဦးလွင်မြို့နယ်ရှိ ကန်တော်ကြီး အမျိုးသား အထိမ်းအမှတ် ဥယျာဉ်၌ ကျင်းပသည်။



အခမ်းအနားသို့ လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ လူရည်ချွန်ကြီးများ၊ ဆရာ ဆရာမများနှင့် လူရည်ချွန်ကျောင်းသား ကျောင်းသူများ၊ ကြီးကြပ်ဆရာ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြင်ဦးလွင်လူရည်ချွန်စခန်းကို လူရည်ချွန်ကျောင်းသား ကျောင်းသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က လူရည်ချွန် ကျောင်းသား ကျောင်းသူများ အား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ရင်ထိုးတံဆိပ်များ ပေးအပ်သည်။ ဆက်လက်၍ လူရည်ချွန်ကျောင်းသားကျောင်းသူများကိုယ်စား လူရည်ချွန် ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လူရည်ချွန်ကျောင်းသား ကျောင်းသူများအား ရင်ထိုးတံဆိပ်များ တပ်ဆင်ပေးကာ ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်ကြသည်။ ဆက်လက်၍ လူရည်ချွန်ကျောင်းသားကျောင်းသူများသည် ကန်တော်ကြီး အမျိုးသားအထိမ်းအမှတ် ဥယျာဉ်နှင့် တိုင်းရင်းသားကျေးရွာများသို့ လှည့်လည်ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ရွှေနန်းထိုက်ဟိုတယ်၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မောင်သင်းက လူရည်ချွန် မောင်မယ်များအား တွေ့ဆုံအားပေးစကား ပြောကြားသည်။ ထို့နောက် လူရည်ချွန် မောင်မယ်များသည် သုမင်္ဂလာဈေးသို့ သွားရောက်လည်ပတ်ပျော်ရွှင်စွာ ဂိမ်းများကစားကြပြီး တာဝန်ရှိသူများက သုမင်္ဂလာဈေးဘက်စုံသုံးခန်းမတွင် ဖျော်ဖြေရေး အစီအစဉ်များနှင့်အတူ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ၂၀၂၆ ခုနှစ် ကောဒသမတန်း လူရည်ချွန်စခန်း(ငွေဆောင်)နှင့် အဆင့်မြင့်ပညာအဆင့် လူရည်ချွန်စခန်း (ချောင်းသာ)ဖွင့်ပွဲအခမ်းအနား ကျင်းပ



ပုသိမ် မေ ၇

၂၀၂၆ ခုနှစ် ကောဒသမတန်း လူရည်ချွန်စခန်း(ငွေဆောင်)နှင့် အဆင့်မြင့်ပညာအဆင့် လူရည်ချွန်စခန်း(ချောင်းသာ) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါစခန်းများ၌ ကျင်းပသည်။

အခမ်းအနားသို့ ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ နယ်မြေခံလေတပ်စခန်းဌာနချုပ်မှူး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူရည်ချွန် မောင်မယ်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံများတက်ရောက်ကြသည်။

ဦးစွာ ၂၀၂၆ ခုနှစ် လူရည်ချွန်စခန်း (ငွေဆောင်)မုခ်ဦးကို ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြား၍ လူရည်ချွန် မောင်မယ်များအား ရင်ထိုးတံဆိပ်များ ချီးမြှင့်အပ်နှင်းသည်။

ထို့နောက် လူရည်ချွန်စခန်း (ငွေဆောင်) စခန်းမှူးနှင့် လူရည်ချွန်ကြီးများက တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများထံ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်၍ ငွေဆောင်လူရည်ချွန် စခန်းမှူးက လူရည်ချွန်စခန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျောင်းသားကျောင်းသူများ၏ ကရင်ဒုံးယိမ်းအကနှင့် လူရည်ချွန် မောင်မယ်များ၏ "ဇာတိမာန်" သီချင်းဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် လူရည်ချွန်စခန်း (ချောင်းသာ)ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်၍ လူရည်ချွန်စခန်း (ချောင်းသာ)မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဖျော်ဖြေရေးအဖွဲ့များအား ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က အမှာစကားပြောကြားပြီး လူရည်ချွန်စခန်း(ချောင်းသာ) စခန်းမှူးက လူရည်ချွန်စခန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် လူရည်ချွန် မောင်မယ်များအား ရင်ထိုးတံဆိပ်များ ချီးမြှင့်အပ်နှင်းပြီး လူရည်ချွန် မောင်မယ်များနှင့် လူရည်ချွန်ကြီးများက တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများထံ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်၍ ပုသိမ်တက္ကသိုလ် ကျောင်းသူလေးများ၏ "မမပုသိမ်သူ" သီချင်းဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကာ လူရည်ချွန်မောင်မယ်များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဧရာဝတီတိုင်း ဒေသကြီး ငွေဆောင် လူရည်ချွန်စခန်းတွင် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ကောဒသမတန်း လူရည်ချွန်မောင်မယ် ၁၃၃ ဦး၊ ချောင်းသာ လူရည်ချွန်စခန်းတွင် အဆင့်မြင့်ပညာအဆင့် လူရည်ချွန်မောင်မယ် ၂၉၁ ဦးနှင့် ကြီးကြပ်ဆရာ ဆရာမများသည် မေ ၆ ရက်မှ ၁၀ ရက်အထိ ယာယီစခန်းချနေထိုင်သွားမည်ဖြစ်သည်။

ညနေပိုင်း အားလပ်ချိန်များတွင် ငွေဆောင်လူရည်ချွန် အပန်းဖြေစခန်း၌ လူရည်ချွန် မောင်မယ်များက ကိုယ်ကာယကျန်းမာကြံ့ခိုင်ရေးနှင့် စိတ်လက်အပန်းပြေ စေရေးအတွက် ဘောလုံး၊ ဘော်လီဘောနှင့် ပိုက်ကျော်ခြင်း ကစားနည်းများ၊ ရေကူးကစားခြင်းများကို ကြီးကြပ်ဆရာ ဆရာမများ ဦးဆောင်၍ တာဝန်ရှိသူများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိပြီး ဒေသန္တရဗဟုသုတများ ရရှိစေရန် ပုသိမ်မြို့ ငွေဆောင်ဒေသနှင့် အနီးဝန်းကျင်ရှိ လူမှုဘဝများ၊ ငါးပုစွန်ထုတ်လုပ်ရေး လုပ်ငန်းများ၊ ရိုးရာလက်မှုပညာ လုပ်ငန်းများနှင့် အထင်ကရနေရာများကို လေ့လာနိုင်ရေး စီစဉ်ထားရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဒွါဒသမတန်းလူရည်ချွန်စခန်းဖွင့်ပွဲ တက်ရောက်

**နေပြည်တော် မေ ၇**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဒွါဒသမတန်း လူရည်ချွန်စခန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လူရည်ချွန်စခန်း (Royal President Hotel)၌ ကျင်းပသည်။

ဦးစွာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဒွါဒသမတန်း နေပြည်တော်လူရည်ချွန်စခန်း မုခ်ဦးကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော်ကောင်စီဝင် ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက လူရည်ချွန်စွမ်းအား သီချင်းဖြင့် ဖျော်ဖြေကြသည်။



ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့" ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍကို အားပေးမြှင့်တင်လျက်ရှိရာ "တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလငါးတန်ပြည့်စုံသည့် နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းရေးကို ဦးတည်လေ့ကျင့်ပေးရန်" ဆိုသည့် အမျိုးသားပညာရေး ရည်မှန်းချက်ကို ချမှတ်ထားရှိပြီး အခြေခံပညာရေးနှင့် အဆင့်မြင့်ပညာရေးကဏ္ဍ နှစ်ရပ်လုံးအတွက် ဗလငါးတန်တည်းဟူသော ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလတို့နှင့် ပြည့်စုံသော လူငယ်များ ပြုစုပျိုးထောင်ရေးကို အဓိကထား ဆောင်ရွက်လျက်ရှိပြီး လူရည်ချွန်စီမံကိန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ Grade-12 လူရည်ချွန် မောင်မယ်များအနေဖြင့် မိမိတို့ ဒေသ၊ ကျောင်း၊ ပတ်ဝန်းကျင်တွင် အခြားသော ကျောင်းသား ကျောင်းသူများ အတုယူရမည့် အမူအကျင့်ကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရန်လိုကြောင်းနှင့် နေပြည်တော်လူရည်ချွန်အပန်းဖြေစခန်းမှ ခွန်အားသစ်များရရှိပြီး နိုင်ငံတော်က အားကိုးအားထားပြုရမည့် ထူးချွန်ထက်မြက်သည့် နိုင်ငံသားကောင်း သမီးကောင်းများ ဖြစ်လာစေရေး စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဒွါဒသမတန်းလူရည်ချွန် ကျောင်းသား ကျောင်းသူများအား ရင်ထိုးတံဆိပ် တပ်ဆင်ပေးခြင်း၊ နေပြည်တော်လူရည်ချွန်စခန်းမှ နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော် ကောင်စီဝင် ဦးထွန်းထွန်းတို့အား အမှတ်တရ လက်ဆောင်ပစ္စည်းပေးအပ်ခြင်းနှင့် ဒွါဒသမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူများကိုယ်စား လူရည်ချွန်တစ်ဦးက ကျေးဇူးတင်စကားပြောကြားခြင်းများ ဆောင်ရွက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **အောင်သူရဦး(ဒက္ခိဏ)**

# ငွေဆောင်လူရည်ချွန်စခန်းမှ ကောဒသမတန်းလူရည်ချွန်မောင်မယ်များ၊ လူရည်ချွန်ဟောင်းကြီးများ၏ ရင်တွင်းစကားသံများ

**ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့ လူရည်ချွန်စခန်း (ငွေဆောင်)၌ မြန်မာတစ်နိုင်ငံလုံးမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကောဒသမတန်း လူရည်ချွန်မောင်မယ် ၁၃၃ ဦးနှင့် ကြီးကြပ်ဆရာ ဆရာမများသည် မေ ၆ ရက်မှ မေ ၉ ရက်အထိ ယာယီစခန်းချ၍ လူရည်ချွန်ဟောင်းကြီးများနှင့် ရင်းနှီးနွေးထွေးစွာတွေ့ဆုံခြင်း၊ ဒေသန္တရဗဟုသုတလေ့လာခြင်း၊ ကမ်းခြေတွင် အပန်းဖြေခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ အဆိုပါလူရည်ချွန်စခန်းတွင် ရောက်ရှိနေသည့် လူရည်ချွန်ဟောင်းကြီးများ၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကောဒသမတန်း လူရည်ချွန်မောင်မယ်များ၏ ရင်တွင်းစကားသံများကို ပြည်သူများ သိရှိနိုင်ရန်အတွက် ဖော်ပြအပ်ပါသည်။**

**မရွှေယွန်းမီ (နှစ်ထပ်ကွမ်း လူရည်ချွန်၊ ကယားပြည်နယ်)**

သမီးကတော့ ကယားပြည်နယ် လွိုင်ကော်ခရိုင် လွိုင်ကော်မြို့ရဲ့ အမှတ်( ၁ )အခြေခံပညာ အထက်တန်းကျောင်းမှာ ပညာသင်ကြားနေတဲ့ ကောဒသမတန်း ကျောင်းသူ (နှစ်ထပ်ကွမ်း လူရည်ချွန် ) မရွှေယွန်းမီဖြစ်ပါတယ်။ သမီးက အရင်က ငွေဆောင်ကို တစ်ခါမှ မရောက်ခဲ့ဖူးပါဘူးရှင့်။ ငွေဆောင်ကမ်းခြေကို ရောက်တဲ့အခါမှာ ကြည်လင်တဲ့ ပင်လယ်ရေနဲ့ ကမ်းခြေအလှကို တွေ့လိုက်ရတဲ့ အခါမှာတော့ အလွန်ကို အမောပြေသွားတယ်၊ခေါင်းမူးတာတွေလည်း ပျောက်သွားပါတယ်ရှင့်။ ပြီးတော့ ကြိုနေတဲ့ သူတွေကြောင့်လည်း တကယ် အားတက်ရပါတယ်။ သူတို့ကို ကြည့်ပြီးတော့ အလွန်ကို ပီတိဖြစ်မိပါတယ်ရှင့်။ ကမ်းခြေတွေကတော့ သမီး social media ပေါ်မှာ အများကြီး မြင်ဖူးတွေ့ဖူးပါတယ်။ အခြားနိုင်ငံက ကမ်းခြေတွေဆိုရင်လည်း တော်တော်များများ လှကြပါတယ်။ ဒါပေမဲ့ သမီးတို့ နိုင်ငံကလည်း အခြားနိုင်ငံတွေနဲ့ ယှဉ်နိုင်တယ်။ နိမ့်ကျမနေပါဘူး။ ငွေဆောင်ကမ်းခြေက အလွန်လှတဲ့ ကမ်းခြေတစ်ခုဖြစ်ပါတယ်။ သမီးတို့ နိုင်ငံမှာလည်း အခုလိုမျိုး အလွန်လှပတဲ့ ကမ်းခြေတွေရှိတဲ့အတွက် ကိုယ့်မြန်မာနိုင်ငံကို လည်း အလွန်ဂုဏ်ယူမိပါတယ်။ သမီးတို့ လူရည်ချွန်တစ်ယောက်ဖြစ်လာပြီဆိုရင် နိုင်ငံတော်အတွက် ဘယ်အချိန်မဆို အဆင်သင့်



မရွှေယွန်းမီ



ဒေါက်တာအေးအေးမြင့်



မောင်ခန့်ညီရှင်းသန့်



မခင်နှင်းသက်စံ

ရှိနေပေးရပါမယ်။ သမီးတို့ လူရည်ချွန်တွေကို နိုင်ငံတော်က ယုံယုံကြည်ကြည်နဲ့ ရွေးချယ်ပေးထားတာဖြစ်တဲ့အတွက် နိုင်ငံတော်အတွက်ဆိုရင် အမြဲအသင့်ရှိနေရပါမယ်။ သမီးအနေနဲ့လည်း နိုင်ငံတော်အတွက် ကျရာကဏ္ဍကနေပြီးတော့ အစွမ်းကုန်ကြိုးစားပြီး ပံ့ပိုးပေးသွားမှာပါရှင့်။ သမီးရဲ့ ရည်မှန်းချက်ကတော့ Grade – 12 စာမေးပွဲဖြေဆိုပြီးသွားရင် နိုင်ငံခြားဘာသာမှာ အထူးပြုဘာသာတစ်ရပ်ကို သင်ကြားပေးတဲ့ ကထိကတစ်ယောက် ဖြစ်ချင်ပါတယ်ရှင့်။

**ဒေါက်တာအေးအေးမြင့် (၁၉၇၇ ခုနှစ် လူရည်ချွန်၊ ၁၉၆၄ – ၁၉၈၈ လူရည်ချွန်အဖွဲ့ )**

ကျွန်မ နာမည်ကတော့ ဒေါက်တာ အေးအေးမြင့်ပါ။ ကျွန်မက ၁၉၇၇ ခုနှစ်မှာ လူရည်ချွန်တစ်ယောက် ဖြစ်ခဲ့ပါတယ်ရှင်။ လူရည်ချွန် တစ်ယောက်ဖြစ်ဖို့အတွက် စာတော်ရုံတစ်ခုတည်း မဟုတ်ဘဲ ဘက်စုံထူးချွန်မှရပါမယ်။ စိတ်ဓာတ်၊ စည်းကမ်း၊ ကာယပညာ ကျွန်မတို့ခေတ်က အကုန်ဖြေရပါတယ်။ အဲဒါအပြင် လူရဲ့ စိတ်ထားကောင်းမွန်မှု၊ သွက်လက်ချက်ချာမှု အားလုံးကို ကြည့်ပြီး အဆင့်ဆင့်ဖြေဆိုပြီးမှ Outstanding Student ဆိုတဲ့ လူရည်ချွန်အဖြစ် ရွေးချယ်ခံရတာဖြစ်ပါတယ်။ အဲဒီလို ရွေးချယ်ခံရပြီးတဲ့နောက် ပညာရေး တက္ကသိုလ်မှာ ငါးနှစ်အထိ ကျောင်းတက်ခဲ့ပါတယ်။ ပြီးတော့ ဆရာချွန်တွေကို မွေးထုတ်တဲ့ ဆရာမအဖြစ် အ.ထ.က( ၄)အလုံမှာ အထက်တန်းပြနဲ့ ၁၀ နှစ်ကြာ အင်္ဂလိပ်စာ သင်ကြားပြသပေးခဲ့ပါတယ်။ မဟာပညာရေးဘွဲ့ပြီးတဲ့ အခါမှာ ကျွန်မက ပညာရေး သုတေသနမှာ သုတေသန လက်ထောက်အဖြစ် ဆောင်ရွက်ရင်းနဲ့ ပညာရေးတက္ကသိုလ်ကို နည်းပြအဖြစ်နဲ့ ပြောင်းရွှေ့ခဲ့ပါတယ်။ ပြောင်းရွှေ့ပြီး နည်းပြကနေ တစ်ဆင့် ပညာရေးတက္ကသိုလ်မှာ စာမေးပွဲဝင်ဖြေရင်းနဲ့ ဂျပန်ပညာတော်သင်ဆုကို ရပါတယ်။ ဂျပန်နိုင်ငံရဲ့ University of Tokyo ကနေ Ph.D Education ပညာရေးပါရဂူဘွဲ့ကို ရရှိခဲ့ပါတယ်။ အဲ့ဒါက လူရည်ချွန်ဆိုတဲ့ လူငယ်ဘဝက စလိုက်ပြီးတော့ ကြိုးစားမှုအရှိန်ကြောင့် ကျွန်မက အသိပညာပိုင်း၊ အတတ်ပညာပိုင်း အောင်မြင်လာတဲ့အပြင် ပညာရေးတက္ကသိုလ်မှာ ပါမောက္ခချုပ်အဖြစ် ၂၀၁၉ ခုနှစ်အထိ ထမ်းဆောင်နိုင်ခဲ့ပါတယ်။ ကျွန်မက လူငယ်လူရည်ချွန်တွေကို ပြန်လည်မွေးထုတ်ပေးတဲ့ ဆရာချွန်တွေ၊ ဆရာမချွန်တွေကို မွေးထုတ်ပေးတဲ့ ကဏ္ဍမှာတာဝန်ယူခဲ့တဲ့သူ တစ်ဦးလည်းဖြစ်ပါတယ်။ ငွေဆောင်လူရည်ချွန်စခန်းမှာက Grade – 11 လူငယ်လေးဖြစ်ကြတယ်ဆိုတော့ ကျွန်မရဲ့ စိတ်ထဲမှာ ငွေဆောင်လူရည်ချွန်စခန်းကို သွားပြီးတော့ အခြေခံပညာက လူရည်ချွန်တွေကို အားပေးချင်စိတ် ဂုဏ်ပြုချင်စိတ် ပေါ်လာတဲ့အတွက် ဒီနေ့ပွဲကို လာရောက်ရခြင်းပဲ ဖြစ်ပါတယ်ရှင့်။

**မောင်ခန့်ညီရှင်းသန့် (၂၀၂၅ – ၂၀၂၆ ပညာသင်နှစ်၊ ကောဒသမတန်းလူရည်ချွန်၊ ရှမ်းပြည်နယ်)**

ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင်ကနေပြီးတော့ ၂၀၂၅ – ၂၀၂၆ ပညာသင်နှစ်မှာ လူရည်ချွန်ဆုကို ရရှိခဲ့တဲ့ ကောဒသမတန်း ကျောင်းသား မောင်ခန့်ညီရှင်းသန့် ဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော် လက်ရှိ ပညာသင်ယူနေတဲ့ ကျောင်းကတော့ အ.ထ.က( ၅) တောင်ကြီး ဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော့်ရဲ့ အစ်ကိုတွေအစ်မတွေကလည်း လူရည်ချွန်တွေဖြစ်တဲ့အတွက် ငယ်ငယ်ကတည်းက လူရည်ချွန် ဖြစ်ချင်စိတ်က ကိန်းအောင်းနေခဲ့ပါတယ်။ Grade– 11 မှာတော့ ကျွန်တော့်ရဲ့ လူရည်ချွန်ဖြစ်ချင်စိတ်က အထမြောက်ခဲ့ပါတယ်။ အတော်လည်းကြိုးစားခဲ့ရပါတယ်။ ကျွန်တော် Grade – 12 စာမေးပွဲ ဖြေဆိုပြီးသွားရင် ဆေးပညာကို ဆက်လက်သင်ယူမယ်လို့ ရည်ရွယ်ချက်ရှိပါတယ်။ ဆရာဝန်တစ်ယောက်ဖြစ်လာရင် နိုင်ငံတော်အတွက်၊ ပြည်သူတွေအားလုံးအတွက် အားထားရတဲ့ ဆရာဝန်ကောင်း တစ်ယောက် ဖြစ်စေရမယ်လို့ ခံယူထားပါတယ် ခင်ဗျာ။

**မခင်နှင်းသက်စံ( ၂၀၂၅ – ၂၀၂၆ ပညာသင်နှစ်၊ ကောဒသမတန်း လူရည်ချွန်၊ ရခိုင်ပြည်နယ်)**

သမီးကတော့ ရခိုင်ပြည်နယ် စစ်တွေခရိုင် စစ်တွေမြို့ အ.ထ.က (၂) စစ်တွေမှာ ပညာသင်ကြားနေတဲ့ ကောဒသမတန်း လူရည်ချွန် မခင်နှင်းသက်စံ ဖြစ်ပါတယ်ရှင့်။ ရခိုင်ပြည်နယ်ကဆိုရင် သမီးတစ်ယောက်တည်း ပါလာတာဖြစ်လို့ တိုင်းနဲ့ပြည်နယ်အသီးသီးက လူရည်ချွန်တွေနဲ့ တွေ့ဆုံခွင့်ရလို့ အလွန်ကို ပျော်ရွှင်မိပါတယ်။ ငွေဆောင် လူရည်ချွန်စခန်းကို လာခဲ့ရတဲ့ လမ်းတစ်လျှောက်မှာလည်း အလွန်ကို ပျော်ရွှင်ခဲ့ရသလို ပေါင်းသင်းဆက်ဆံရေး skill လည်း တိုးတက်လာခဲ့ပါတယ်။ ငွေဆောင် လူရည်ချွန်စခန်းကို ရောက်တဲ့အခါမှာ ကြိုနေကြတဲ့ သူတွေကိုကြည့်ပြီး အလွန်ကို အမောပြေရပါတယ်။ လေ့လာရေးခရီးသွားတဲ့အခါမှာ ပုသိမ်ထီးလုပ်ငန်းကို သေသေချာချာ လေ့လာသွားပါမယ်။ လေ့လာခဲ့တဲ့ အကြောင်းအရာတွေကို သူငယ်ချင်းတွေနဲ့ ပြန်လည်မျှဝေသွားပါမယ်။ သမီးက ဆရာဝန်ကောင်းတစ်ယောက် ဖြစ်ချင်ပါတယ်။ နိုင်ငံခြားမှာ ပါရဂူဘွဲ့ရတဲ့အထိ ဆေးကျောင်းတက်ပြီးတော့ မြန်မာနိုင်ငံကို ပြန်လာပြီး ပြည်သူတွေကို ဆေးကုသပေးပါမယ်။ နိုင်ငံအတွက် အားထားရတဲ့ ဆရာဝန်ကောင်း တစ်ယောက် ဖြစ်စေရမယ်လို့ ရည်မှန်းထားပါတယ်ရှင့်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဇေယျာသီရိမြို့နယ်ရှိ သတင်းစာတိုက်ဝန်ထမ်းများနှင့် တွေ့ဆုံ လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အရာထမ်း၊ အမှုထမ်းများနှင့် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း သတင်းစာတိုက်များမှ အရာထမ်း၊ အမှုထမ်းများအား သီးခြားစီတွေ့ဆုံပြီး လုပ်ငန်းပိုင်းဆိုင်ရာများ မှာကြားသည်။

ထိုသို့ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရ၏လမ်းညွှန်ချက်များနှင့် ဆောင်ရွက်ချက်များအား ပြည်သူလူထုက ထဲထဲဝင်ဝင်သိရှိနားလည်စေရန်နှင့် အသိပညာဗဟုသုတများရရှိစေရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အဓိကကျသောအခန်းကဏ္ဍမှ တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့်နိုင်ငံဖြစ်သည့်အားလျော်စွာ ကျေးလက်နေပြည်သူများအတွက် အကျိုးရှိစေမည့်သတင်းအချက်အလက်များကို ဦးစားပေးထုတ်လွှင့်ပေးရန် လိုအပ်ကြောင်း၊ ထို့ပြင် ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region၊ One Product) မူဝါဒဖြင့် အကောင်အထည်ဖော်နေသည့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မီဒီယာကဏ္ဍမှ ပံ့ပိုးကူညီပေးရန်နှင့် ပြည်တွင်းခရီးသွားလုပ်ငန်းများ ပိုမိုအားကောင်းလာစေရန် ဆွဲဆောင်မှုရှိသောအစီအစဉ်များ ဖန်တီးတင်ဆက်သွားရန် လိုအပ်ကြောင်း။


ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ကြည့်ရှုစစ်ဆေးစဉ်။

ဝန်ထမ်းများအားလုံးသည် မိမိတို့၏ အတတ်ပညာနှင့် အနုပညာကို ပေါင်းစပ်ကာ နိုင်ငံတော်၏ မူဝါဒများကို ပြည်သူများထံ ထင်သာမြင်သာရှိအောင် ထိရောက်စွာ ပြန်ကြားပေးကြရန် လိုအပ်ကြောင်း၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို Program များတွင် ထည့်သွင်းရန် လိုအပ်ကြောင်းနှင့် သတင်းထုတ်ပြန်ရေးဆိုင်ရာမူဝါဒများကို လိုက်နာဆောင်ရွက်ရန် ရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ဂြိုဟ်တုစလောင်းများ တပ်ဆင်အသုံးပြုနေမှုနှင့် Water Cooling Aircon System တပ်ဆင်ထားရှိမှုတို့ကိုလည်းကောင်း၊ ဝန်ထမ်းများ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများဆောင်ရွက်နိုင်ရေးနှင့် အပန်းဖြေနိုင်ရေး ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် နေပြည်တော်အသံလွှင့်ရုံ အမှတ်(၁)ရှိ မေယု FM ရေဒီယိုနှင့် အမှတ်(၂)ရှိ သပြေရေဒီယို အစီအစဉ်များ ထုတ်လွှင့်နေမှုနှင့် ရေဒီယိုထုတ်လွှင့်ရေးစက်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ ကလေးစာဖတ်ခန်း၊ ပြည်သူ့စာကြည့်တိုက်အတွင်း၌ ကျောင်းသူများ လာရောက်စာပေဖတ်ရှုနေမှု၊ စာကြည့်တိုက်အတွင်း စာအုပ်များ စနစ်တကျထားရှိမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုပြီး ဝန်ထမ်းများအား ချီးမြှင့်ငွေများ ပေးအပ်ကာ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club)အဖွဲ့ဝင်များ စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပနေမှုကို ကြည့်ရှုအားပေးရာ စာရေးဆရာများက အမှတ်တရလက်ဆောင်အဖြစ် ၎င်းတို့ရေးသားထုတ်ဝေထားသည့်စာအုပ်များကို ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်ကြသည်။ **သတင်းစဉ်**

# မကွေးတိုင်းဒေသကြီး၏ စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍ တိုးမြှင့်လုပ်ကိုင်နိုင်ရေး ကွင်းဆင်းဆောင်ရွက်




**နေပြည်တော် မေ ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းသည် ယမန်နေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မင်းရပ်ကျေးရွာ တောင်သူဦးငွေစိုး၏ လယ်မြေတွင် လက်ဆွဲကောက်စိုက်စက်ဖြင့် တိုက်ရိုက်အစေ့ချစိုက်ပျိုးထားသော အောင်နိုင်တိုး နွေစပါးစံပြစိုက်ခင်း၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက မကွေးတိုင်းဒေသကြီးသည် နိုင်ငံတော်မှ သတ်မှတ်ထားသော ပန်းတိုင်သီးနှံ ၁၃ မျိုးလုံးကို စိုက်ပျိုးထုတ်လုပ်နိုင်သော ရေ၊ မြေ၊ ရာသီဥတု အဆင်ပြေသင့်လျော်သည့် ဒေသဖြစ်သည့်အပြင် လက်ရှိနွေစပါး၊ မိုးစပါးများ စိုက်ပျိုးရာတွင်လည်း ထိုက်လျောက် သင့်လျော်စွာ အောင်မြင်ဖြစ်ထွန်းမှုရှိပါကြောင်း၊ သို့ရာတွင် စပါးစိုက်ပျိုးသူတောင်သူများအနေဖြင့် ကုန်ကျမှုစရိတ်လျှော့ချနိုင်ရေးအတွက် သွင်းအားစုဓာတ်မြေဩဇာများ ထည့်သွင်းအသုံးပြုရာတွင် လိုအပ်သောအချိန်တွင် သဘာဝမြေဩဇာများဖြင့် ရောစပ်ထည့်သွင်းခြင်းများပြုလုပ်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ထို့အပြင် မျိုးစပါးများကို အစဉ်အမြဲဝယ်ယူသုံးစွဲခြင်းထက် စပါးစိုက်တောင်သူများ ပူးပေါင်းဆောင်ရွက်၍ မျိုးထုတ်စိုက်ခင်းများဖြင့် ကိုယ်တိုင်မျိုးစေ့ထုတ်ယူခြင်း လုပ်ငန်းများပါ ဆောင်ရွက်ကြစေလိုပါကြောင်း၊ မျိုးကောင်း၊ မျိုးသန့်များနှင့် နည်းပညာအကူအညီများ လိုအပ်လာပါက နီးစပ်ရာ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများကို အချိန်မရွေး အကူအညီတောင်းခံနိုင်ပါကြောင်း ပြောကြားပြီး တက်ရောက်လာကြသည့် တောင်သူများ၏ တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် အောင်နိုင်တိုး နွေစပါး စံပြစိုက်ခင်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ယူရီးယား ဓာတ်မြေဩဇာများကို ချိုသာသောဈေးနှုန်းဖြင့် တောင်သူများလက်ဝယ်အရောက် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရှားပင်လှကျေးရွာအုပ်စု ရွှေတင့်ထူး စိုက်ပျိုးမွေးမြူရေးဇုန်သို့ ရောက်ရှိရာ မကွေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးက ဇုန်အတွင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဇုန်အတွင်း လက်ရှိ တောင်သူများက လိုအပ်ချက်များကို ဝိုင်းဝန်းဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက မြေပြုပြင်စိုက်ပျိုးဆဲကာလတွင် ရေခံ၊မြေခံပေါ်မူတည်၍ ပုံမှန်စိုက်စနစ်အစား အကျိုးဖြစ်ထွန်းလွယ်ကာ ပိုမိုသင့်လျော်သည့် စိုက်စနစ်အား အနည်းငယ်စီ စမ်းသပ် ပြောင်းလဲစိုက်ပျိုးရန်၊ ဇုန်အတွင်း အရိပ်ရအပင်၊ လေကာပင်များ စနစ်တကျစိုက်ပျိုးထားကြရန်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူတောင်သူများ အချင်းချင်း အကျိုးတူ ပူးပေါင်းလက်တွဲဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၃၄) ကြိမ်မြောက် အမျိုးသားအဆင့် မုတ်သုံဖိုရမ် ကျင်းပ

**နေပြည်တော် မေ ၇**

ပို့ဆောင်ရေး ဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ဦးစီး၍ (၃၄)ကြိမ်မြောက် အမျိုးသားအဆင့် မုတ်သုံဖိုရမ်ဆွေးနွေးပွဲကို ယနေ့တွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဘက်စုံသဘာဝဘေးကြိုတင်သတိပေး ဗဟိုဌာန (Multi-Hazard Early Warning Center) အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဆောင်ရွက်နေသော ဌာနများ၊ စိုက်ပျိုးရေးဆောင်ရွက်နေသော ဌာနများ၊ ရေနှင့်ပတ်သက်၍ ဆောင်ရွက်နေသော ဌာနများ၊ အခြားဆက်စပ်ဌာနများမှ ဌာနဆိုင်ရာ ကိုယ်စားလှယ်များနှင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မိုးဦးက အဖွင့်အမှာစကား ပြောကြားသည်။

**ဆွေးနွေး**

(၃၄)ကြိမ်မြောက် မုတ်သုံဖိုရမ်တွင် ၂၀၂၆ ခုနှစ် မိုးရာသီကာလ (အနောက်တောင် မုတ်သုံရာသီကာလ)အတွက် မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ ယေဘုယျခန့်မှန်းချက်များကို တင်ပြဆွေးနွေးခြင်း၊ စိုက်ပျိုးရေးမိုးလေဝသအခြေအနေနှင့် ၂၀၂၆ ခုနှစ်တွင် ဖြစ်ပေါ်နိုင်သည့် အယ်လ်နီညို အခြေအနေနှင့် ပတ်သက်၍ တင်ပြခြင်း၊ မြန်မာနိုင်ငံနှင့် ၎င်းတို့ကို ရှင်းလင်းတင်ပြခြင်း၊ ရာသီအလိုက် ခန့်မှန်းချက်များကို အသုံးပြုသည့် သက်ဆိုင်ရာကဏ္ဍအသီးသီးမှ ပြီးခဲ့သည့် ၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းရာသီကာလအတွင်း ကြုံတွေ့ခဲ့ရသော ရာသီဥတုနှင့် မိုးလေဝသဆိုင်ရာ အတွေ့အကြုံများနှင့် သင်ခန်းစာများကို ဆွေးနွေးခြင်းနှင့် လာမည့် ၂၀၂၆ ခုနှစ်မိုးရာသီကာလအတွက် ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်မှုအခြေအနေများ ဆွေးနွေးခြင်း၊ ဖြည့်စွက် အကြံပြုချက်များကို ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

လျှင်ဘေးအန္တရာယ်အကြောင်း

**သတင်းစဉ်**

# ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် အထူးပြပွဲဆက်လက်ပြသ

ရန်ကုန် မေ ၇

ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် အထူးပြပွဲကို ရန်ကုန်မြို့ မရမ်းကုန်း မြို့နယ် သီရိမင်္ဂလာကမ္ဘာအေး ကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးပတ်လမ်းတွင် ပြသလျက်ရှိရာ ယနေ့တွင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)၊ ရွှေတိဂုံစေတီတော်၊ ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦး စေတီတော်တို့မှ ဂေါပကအဖွဲ့နှင့် ဝန်ထမ်းမိသားစုများ၊ လှည်းကူးပညာရေးဒီဂရီကောလိပ်၊ သမ္ဗုဒ္ဓေါဓေ သီလရှင်စာသင်တိုက်၊ မင်္ဂလာဒုံမြို့နယ် တောတိုက်မေ့ရိပ်သာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတို့မှ ကျောင်းသား ကျောင်းသူများ၊ စိတ်ပါဝင်စားသူ ရဟန်းရှင်လူ ပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြရာ ၎င်းတို့၏ ပြပွဲနှင့် ပတ်သက်သည့် သဘောထားအမြင်များကို ဖော်ပြလိုက်ရပါသည်။

**ဦးအောင်ဆန်းဝင်း**
**နိုင်ငံတော်ပရိယတ္တိ**
**သာသနာပြုတက္ကသိုလ်(ရန်ကုန်)**

ကျွန်တော်တို့ ထေရဝါဒဗုဒ္ဓဘာသာမှာ သင်္ဂါယနာတင်တာ ခြောက်ကြိမ် ရှိခဲ့တယ်၊ ဒါကို ရည်ရွယ်ပြီး ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ် (၇၀)ပြည့် အထိမ်းအမှတ်အနေနဲ့ ပြပွဲကျင်းပခြင်းဖြစ်ပါတယ်။ လိုဏ်ဂူရဲ့ ပတ်လမ်းမှာ သင်္ဂါယနာတင်တာနဲ့ ပတ်သက်ပြီး အစအဆုံး သိရှိနိုင်အောင် ပြသထားပါတယ်။ ကျွန်တော်တို့ သာသနာရေး ဝန်ကြီးဌာနက အဋ္ဌကထာတွေကို ကွန်ပျူတာစာစီနဲ့ ဆောင်ရွက်ခဲ့တဲ့ အဆင့်ဆင့်တွေကိုလည်း ပြခန်းတစ်ခုအနေနဲ့ သီးသန့်ပြသထားပါတယ်။

ဒီပြပွဲပြုလုပ်ရတဲ့ ရည်ရွယ်ချက်ကတော့ နောင်လာနောက်သား လူငယ်တွေ ထေရဝါဒဗုဒ္ဓဘာသာ သာသနာမှာ ဆဋ္ဌသင်္ဂါယနာကို ဘယ်လိုတင်ခဲ့တယ်ဆိုတာ သိရှိအောင်၊ ရဟန်းရှင်လူ ပြည်သူတွေ လာရောက် ဖူးမြော်နိုင်အောင် ရည်ရွယ်ပြီး ပြသခဲ့ခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီပြပွဲကို လာရောက်ကြဖို့ မေတ္တာရပ်ခံ ဖိတ်ကြားလိုပါတယ်။


ဦးအောင်ဆန်းဝင်း


ဦးကျော်မိုး


အရှင်ကေလာသ


ဒေါ်ကြည်ကြည်ဇော်


ဒေါ်လှဲ့ကြည်ဖြူ

**ဦးကျော်မိုး**
**ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ)**
**နိုင်ငံတော်ပရိယတ္တိ**
**သာသနာ့တက္ကသိုလ်(ရန်ကုန်)**

ဒီအထိမ်းအမှတ် ပြခန်းကို နိုင်ငံတော် အကြီးအကဲတွေရဲ့ လမ်းညွှန်မှုနဲ့အညီ ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ်(၇၀) ပြည့် အထိမ်းအမှတ် အထူးပြပွဲအဖြစ် စီစဉ် ဆောင်ရွက်ထားတာပါ။ မြတ်စွာဘုရားရှင်ရဲ့ ဖွား၊ ပွင့်၊ ဟော၊ စံ ပြခန်း၊ ဆဋ္ဌသင်္ဂါယနာတင်ခဲ့တဲ့ သမိုင်းမှတ်တမ်း၊ ညောင်ရမ်းဆရာတော်၊ မဟာစည်ဆရာတော်၊ မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် အစရှိတဲ့ ထင်ရှားသော ဆရာတော်ကြီးတွေရဲ့ မှတ်တမ်းတွေကိုလည်း တွေ့မြင်နိုင်ပါတယ်။

ပိဋကသုံးပုံကို ကွန်ပျူတာစာမူဖြစ်အောင် ဦးဆောင်ခဲ့တဲ့ ရွှေသုဝဏ်ဆရာတော်ရဲ့ မှတ်တမ်း၊ အဋ္ဌကထာကျမ်းစာအုပ်နဲ့ သုတ္တန စာအုပ်ပြုစုခဲ့တဲ့ မှတ်တမ်းအပြင် ဆဋ္ဌသင်္ဂါယနာတင်စဉ်က အသုံးပြုခဲ့တဲ့ပုံနှိပ်စက်နဲ့ အခြားဗဟုသုတ မှတ်တမ်းတွေကိုလည်း ပြသထားပါတယ်။

ပြခန်းကို မေလ ၁၀ ရက်အထိ ဖွင့်လှစ်ပြသသွားမှာ ဖြစ်တဲ့အတွက် ရဟန်းရှင်လူပြည်သူ၊ ကျောင်းသား ကျောင်းသူတွေ အနေနဲ့ ဗုဒ္ဓဘုရားရှင်ရဲ့ သမိုင်းကြောင်းတွေနဲ့ သင်္ဂါယနာတင်ခဲ့တဲ့ သမိုင်းဝင်အကြောင်းအရာတွေကို လာရောက်လေ့လာပြီး ဗဟုသုတတွေရယူကြဖို့ ဖိတ်ခေါ်လို ပါတယ်။

**အရှင်ကေလာသ**
**နိုင်ငံတော်ပရိယတ္တိ**
**သာသနာ့တက္ကသိုလ်(ရန်ကုန်)**

မော်ကွန်းထိန်း ဆရာတော် ဦးဆောင်ပြီး သင်ကြားစီမံဆရာတော်တွေ၊ ကထိကဆရာတော်တွေ၊ နည်းပြဆရာတော်တွေနဲ့ သင်တန်းသား သံဃာတော်တွေ အားလုံးစုစုပေါင်း ၉၃ ပါးကြွရောက်ခဲ့တာပါ။ ဒါတွေက သာသနာမှာ ထင်ကျန်ခဲ့မယ့် သမိုင်းတွေဖြစ်ပြီး တန်ဖိုး နားလည်သူတွေအတွက် တန်ဖိုးဖြတ်လို့မရပါဘူး။

သင်္ဂါယနာ ခြောက်ကြိမ်တင်ခဲ့ပြီး ထေရဝါဒဗုဒ္ဓဘာသာအတွက် အလွန်တန်ဖိုးရှိပါတယ်။ ရဟန်းရှင်လူပြည်သူတွေအနေနဲ့ ပြပွဲကို လာရောက် လေ့လာမယ်ဆိုရင် အသိဉာဏ်ဗဟုသုတတွေ ရရှိနိုင်သလို ဘုရားရှင်နဲ့ သံဃာတော်တွေ၊ တရားတော်တွေရဲ့ ဂုဏ်ကျေးဇူးတွေကို ပိုမိုသိရှိပြီး သာသနာတော်ကို ချစ်မြတ်နိုးတဲ့စိတ်တွေ ပိုမိုတိုးပွားလာမယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် အားလုံးကို လာရောက်ကြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်ကြည်ကြည်ဇော်**
**တောတိုက်မေ့ရိပ်သာ**
**ဘုန်းတော်ကြီးသင်**
**ပညာရေးကျောင်း**

သင်္ဂါယနာတင်တယ်ဆိုတာကို စာထဲမှာဖတ်ဖူးတာ၊ ကြားဖူးတာပဲရှိတယ်။ ဆရာတော်က ကားတွေ စီစဉ်ပေးလို့ လာရောက်လေ့လာဖြစ်တာပါ။ လူဖြစ်နေတဲ့ကာလ ကြုံတုန်းကြုံခိုက် ကလေးတွေကို လာရောက်လေ့လာစေချင်တယ်။ မြတ်စွာဘုရားနဲ့ ပတ်သက်တဲ့ သာသနာတော်ဆိုင်ရာ အကြောင်းအရာတွေ၊ ကိုယ်မသိသေးတာတွေကို ထပ်သိရတယ်။ ပြပွဲမှာ တာဝန်ရှိသူတွေ ရှင်းပြသွားတဲ့ အိန္ဒိယနိုင်ငံက ဆီမီးထွန်းတာမျိုးဆိုရင် ကိုယ့်အတွက် ဗဟုသုတ အသစ်တွေ လေ့လာခွင့်ရတဲ့အတွက် ဝမ်းသာကြည်နူးမိပါတယ်။

အချို့က ဗုဒ္ဓဘာသာကိုးကွယ်သူဆိုပေမယ့် ဗုဒ္ဓဘာသာ အကြောင်းကို ထဲထဲဝင်ဝင်မသိတဲ့ ကလေးတွေ အများကြီးရှိပါတယ်။ ဒီလိုပြပွဲတွေကနေ ဗုဒ္ဓဘာသာ ဘာလဲဆိုတာကို ထဲထဲဝင်ဝင် သိသွားမယ်၊ ဗဟုသုတတွေလည်း အများကြီးရသွားမယ်လို့ မျှော်လင့်ပါတယ်။

**ဒေါ်လှဲ့ကြည်ဖြူ**
**တွဲဖက်ပါမောက္ခ**
**လှည်းကူးပညာရေး**
**ဒီဂရီကောလိပ်**

ကျွန်မတို့ လှည်းကူးပညာရေး ဒီဂရီကောလိပ်က ကျောင်းသား ကျောင်းသူအင်အား ၂၅၀ ခန့်နဲ့ မဟာပါသာဏလိုဏ်ဂူ ဆဋ္ဌသင်္ဂါယနာတင် နှစ်(၇၀)ပြည့် အထိမ်းအမှတ် အထူးပြပွဲလာရောက် လေ့လာတာပါ။ ကျွန်မတို့ရဲ့ ထေရဝါဒဗုဒ္ဓဘာသာမြန်မာနိုင်ငံမှာ ဒီလိုမျိုး ဆဋ္ဌသင်္ဂါယနာတင် နှစ်(၇၀) ပြည့် အထိမ်းအမှတ် အထူးပြပွဲကို ကျောင်းသား ကျောင်းသူတွေ၊ ပညာရေးဝန်ထမ်းတွေလည်း သိရှိလေ့လာစေလိုတဲ့ ရည်ရွယ်ချက်နဲ့ လာရောက်ခဲ့တာပါ။

ကျွန်မက ဘာသာရေးစာပေတွေကို ဖတ်ရှုရတာ ဝါသနာပါပါတယ်။ လူမှုကွန်ရက်ပေါ်မှာ ဆဋ္ဌသင်္ဂါယနာတင် နှစ်(၇၀)ပြည့် အထိမ်းအမှတ်အောင်ပွဲ အင်တာဗျူးကို ကြည့်မိပြီး ပြပွဲရောက်ခိုက် ဉာဏ်စမ်းပဟေဠိ ဝင်ဖြေခဲ့တာ မမျှော်လင့်ဘဲ အမှတ်ပြည့်ရတော့ ဝမ်းသာတယ်။ ဗုဒ္ဓဘာသာနဲ့ပတ်သက်တဲ့ ဗဟုသုတတွေ၊ သာသနာတော်ဆိုင်ရာ ဗဟုသုတတွေကို လေ့လာခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။

သတင်းအဖွဲ့


ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် အထူးပြပွဲသို့ လာရောက်လေ့လာကြည့်ရှုကြသူများကို တွေ့ရစဉ်။

## မိတ္ထီလာမြို့နယ်၌ နွေစပါးစိုက်တောင်သူများအား ယူရီးယားဓာတ်မြေသြဇာ ဖြန့်ဖြူးရောင်းချပေး

မိတ္ထီလာ မေ ၇

မန္တလေးတိုင်း ဒေသကြီး မိတ္ထီလာမြို့နယ်၌ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေး အတွက် နွေစပါးစိုက်တောင်သူများအား အားအင်သစ် ယူရီးယားဓာတ်မြေသြဇာကို ယမန်နေ့က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတွင် ဖြန့်ဖြူးရောင်းချပေးသည်။

အားအင်သစ် ယူရီးယားဓာတ်မြေသြဇာ စုပေါင်းဖြန့်ဖြူး ရောင်းချရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသက်နိုင်အေးက အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး အတွက် ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးစိုက်တောင်သူများအား အားအင်သစ်ယူရီးယားဓာတ်မြေသြဇာကို ရောင်းချပေးခြင်း ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယင်းနောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးတောင်သူများအား အားအင်သစ် ယူရီးယား ဓာတ်မြေသြဇာအိတ်များကို ဖြန့်ဖြူးရောင်းချပေးသည်။



ထိုသို့ ဖြန့်ဖြူးရောင်းချပေးရာတွင် မြို့နယ်အတွင်းရှိ ထမုန်ကန်၊ ညောင်ကိုင်း၊ ခင်လူး၊ လျှော်ဖြူကန်၊ ကဖြူ၊ ညောင်ကန်၊ ကန်သာ၊ မြဲ၊ မုန်တိုင်၊ သီးကုန်းကျေးရွာအုပ်စုနှင့် ဇောင်းချမ်းကုန်းကျေးရွာအုပ်စုတို့ရှိ နွေစပါးစိုက်တောင်သူ ၁၆၁ ဦး၏ စိုက်ဧက ၂၈၀ အတွက် အားအင်သစ် ယူရီးယားဓာတ်မြေသြဇာအိတ် ၃၀၀ ကို ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

## အိမ်မဲမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရေးဆွဲနည်းသင်တန်း ဖွင့်လှစ်

အိမ်မဲ မေ ၇

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနရုံးတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)၊ (AVIP) ရေးဆွဲနည်းသင်တန်းဖွင့်ပွဲကို မေ ၆ ရက် နံနက်ပိုင်းက ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစတင်မျိုးလွင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။

အဆိုပါ သင်တန်းကို ကျေးရွာနှစ်ရွာမှ သင်တန်းသား လေးဦး တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ချစ်သက်လယ်(ပြန်/ဆက်)

**❂ လက်ရှိချန်ပီယံမှ**

ထွက်ပေါ်ခဲ့လို့ နှစ်ကျော့ပေါင်းရလဒ် ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရကာ ဗိုလ်လုပွဲတက်ခဲ့တာဖြစ်ပါတယ်။

ဒီနှစ်သင်းရဲ့ ချန်ပီယံလိဂ်ဒုတိယအကျော့ပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ဟယ်ရီကိန်းက သွင်းယူပေးခဲ့ပြီး ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုတော့ ဒမ်ဘီလီကသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ ချန်ပီယံလိဂ်ဗိုလ်လုပွဲစဉ်အဖြစ် ပရီမီယာလိဂ် အမှတ်ပေးဇယားမှာ ထိပ်ဆုံးကဦးဆောင်နေတဲ့ အာဆင်နယ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ဗိုလ်လုပွဲကို မေ ၃၀ ရက်မှာ ဟန်ဂေရီနိုင်ငံ ဘူဒါပက်မြို့၌ ကျင်းပသွားမှာ ဖြစ်ပါတယ်။ **ငွေကြယ်**

**❖ အာရှဖလားမှ**

နှစ်ဂိုးပေးပြီးမှ ချေပဂိုးတစ်ဂိုးပြန်ပေးနိုင်သဖြင့် ရှုံးကန်ခဲ့ရခြင်းဖြစ်သည်။

အုပ်စု (A) ပွဲစဉ်များအပြီးတွင် အိမ်ရှင်တရုတ်အသင်းက ကိုးမှတ်၊ ဗီယက်နမ်နှင့် ထိုင်းအသင်းက လေးမှတ်စီရရှိပြီး မြန်မာအသင်းက အမှတ်မရခဲ့ပေ။ ထို့ကြောင့် တရုတ်နှင့် ဗီယက်နမ်အသင်း ကွာတားဖိုင်နယ်တက်ရောက်သွားပြီး ထိုင်းအသင်းသည် ဂိုးကွာခြားချက်ကြောင့် တတိယနေရာရောက်ပြီး အကောင်းဆုံးအုပ်စုတတိယနေရာရရန်သာ မျှော်လင့်ရမည်ဖြစ်သည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF**

မြန်မာနိုင်ငံကြက်ခြေနီအသင်း
Myanmar Red Cross Society

# ကမ္ဘာ့ကြက်ခြေနီနေ့
# World Red Cross Day

-----------------------------------

ညီညွတ်မှုအားနဲ့တို့ကူညီ လူသားချင်းစာနာတဲ့ကြက်ခြေနီ
United in Humanity

-----------------------------------

၂၀၂၆ ခုနှစ်၊ မေလ(၈)ရက်

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဆေးရုံတက်ရောက်ကုသမှုခံယူနေကြသူများအား လှည့်လည်ကြည့်ရှုအားပေး



**စစ်တွေ မေ ၇**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးနိုင်ဦးသည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေ၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ယမန်နေ့ ညနေပိုင်းက စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှု ခံယူနေကြသည့် ပြည်သူများကို စားသောက်ဖွယ်ရာများပေးအပ်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ဆေးရုံကြီးအစည်းအဝေးခန်းမ၌ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ မြှင့်တင်ရေးအတွက် အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆေးရုံကြီးတွင် အသုံးမပြုနိုင်သည့် စက်ကိရိယာများအစားလိုအပ်သော စက်ကိရိယာများ၊ ဆေးဝါးများနှင့် ပတ်သက်သည့် လိုအပ်ချက်များကို ကျန်းမာရေးဝန်ကြီးဌာနသို့ ဆက်လက်တင်ပြရန်နှင့် အခက်အခဲများရှိပါက တင်ပြပေးကြစေလိုကြောင်း၊ ဒေသခံပြည်သူလူထု အားကိုးအားထားပြုရသော ဆေးရုံကြီးတစ်ခုဖြစ်လာအောင် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မောင်မောင်သိန်းက စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြပြီး ဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ဆွေးနွေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

ယင်းနောက်ဆေးရုံကြီးအတွင်း ကျောက်ကပ်သန့်စင်ခန်း၊ ဆေးသိုလှောင်ခန်း၊ သွေးလှူဘဏ်၊ ရောဂါရှာဖွေရေးဌာန၊ ဓာတ်မှန်ဌာနတို့ရှိ စက်ကိရိယာများ အသုံးပြုနေမှုနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေး လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ဆေးရုံတက်ရောက်၍ကျန်းမာရေးစောင့်ရှောက်မှုခံယူနေကြသည့် ပြည်သူများကို လှည့်လည်ကြည့်ရှုအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများပေးအပ်ပြီး ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မိုးညိုမြို့၌ သာယာဝတီဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသပေး

**မိုးညို မေ ၇**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့ ပြည်သူ့ဆေးရုံ၌ ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာန၏ ရက်(၁၀၀)စီမံချက်ဖြင့် သာယာဝတီခရိုင် ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများပါဝင်သော အထူးကုဆေးအဖွဲ့များသည် မေ ၅ ရက် နံနက်ပိုင်းက ဆေးကုသခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးသည်။

**ဆေးဝါးကုသမှု ဆောင်ရွက်ပေး**

သာယာဝတီခရိုင်ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ စုလှိုင်ထွေး ဦးဆောင်၍ အထူးကုဆရာဝန်ကြီးများအဖွဲ့က မိုးညိုမြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်မိုး၊ ကုသရေးဝန်ထမ်းများ၊ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများနှင့်အတူ မြို့နယ်ပြည်သူ့ဆေးရုံတွင် ပြည်သူ ၃၀၅ ဦးအား ကျန်းမာရေးစစ်ဆေး၍ ရောဂါများအလိုက်ဆေးဝါးကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အဆိုပါဆေးကုသမှုပေးရာတွင် အထွေထွေရောဂါပြသသူ ၇၃ ဦး၊



ခွဲစိတ်လူနာ ၁၀ ဦး၊ အရိုးအကြော ၁၀၂ ဦး၊ ကလေး ၂၆ ဦး၊ သားဖွားမီးယပ် ၂၀၊ တီဗီဓာတ်မှန် ၅၄ ဦး၊ သွားနှင့်ခံတွင်း ၂၀ တို့အား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**

# စမ်းပမာအေးတဲ့ကြက်ခြေနီ
# (နှယ်သာကီသံဖြတ်)

* ညီတူမခွဲ ကြည်ဖြူမြဲ
ပြည်သူထဲက ကြက်ခြေနီ။

* အနှစ်သဒ္ဒါလွှမ်း မေတ္တာဖျန်း
ချစ်စရာပန်းကွဲ့ ကြက်ခြေနီ။

* အရေးဟူသမျှ ဖေးကူမ
ပေးလှူကြတဲ့ ကြက်ခြေနီ။

* နူစွာလန်းလို့ အသက်ရှည်စေရည်
ကရုဏာပန်းတို့ ကြက်ခြေနီ။

* အစဉ်ဖြာလန်း၊ ယှဉ်လာစမ်းက
အကြင်နာလွှမ်းလို့ အမျက်ပြေသည်
ခင်စရာပန်းတို့ ကြက်ခြေနီလေ့။

* မြေကမ္ဘာတစ်ဝန်း ကြေညာကမ်း
ဝေဆာလန်းလို့ အခက်ဝေစည်
စေတနာပန်းတို့ ကြက်ခြေနီလေ့။

* လှယဉ်ထူးသန့် လရဲ့ပမာ
ဖခင်ဒူးနန့် စခဲ့တာရှင့်။

* စရိုက်အသွင်မွှေးမြ နမ်းမဝပေါင်
နိုက်တင်ဂေးက လမ်းပြဆောင်သလေ့။

* အယုတ်အလှအဆင်းမရွေး သယ်ပိုးမည်
ဒုက္ခကင်းရေး ရွယ်ကိုးသည်။

* မီးရေလေဘေး တွေးပူသည်
ခရီးရှည်အဝေး ပြေးကူညီ။

* အပြောသာသလောက် ထောက်ထားသည်
တောရွာတစ်လျှောက် အရောက်သွားမည်။

* ပြုသမျှယုံကြည်ချက်တို့ မြင့်မားသည်
လူ့ဘဝဂုဏ်ရည်တက်လို့ ဝင့်ကြွားပြီ။

* အမူအရာယဉ်ကျေး ရှုမဝပြီ
ပျူငှာရွှင်အေး ယုယသည်။

* အလို.....
အနုအလှစုံတညီ
လူ့ဘဝဂုဏ်ရည် ထွန်းတောက်ကြွားစေဖို့
ထောက်ထား ညှာတာစွာနဲ့
စာနာကာ စောင့်ရှောက်ကြပြီပေါ့
လောကကမ္ဘာ သာယာအေးရအောင်
ဘယာဘေး ရန်အသွယ်သွယ်ကို
အမြန်ကယ်ဆယ် ပန်းပမာမွှေးတယ်လ
စမ်းပမာအေးတဲ့“ကြက်ခြေနီ”ရယ်လေး။ ။

ရေနံ့သာမောင်ကျော်ညွန့်

# ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့သည့် တရုတ်နိုင်ငံသားသုံးဦး ဖမ်းဆီးရမိ

နေပြည်တော် မေ ၇

မြန်မာနိုင်ငံအစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက် ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာနယ်မြေများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်းမရှိစေရန်နှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ဆောင်ရွက်ခြင်းမရှိစေရန်အတွက် နယ်မြေရှင်းလင်းခြင်းနှင့် ရှာဖွေဖော်ထုတ်စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်အတွင်း၌ မေ ၆ ရက် ညနေပိုင်းတွင် မိုင်းပန်မြို့၏ အရှေ့မြောက်ဘက် မီတာ ၁၃၇၀၀ ခန့်အကွာ၌ တရားမဝင် အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသားနှစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။ ထို့ပြင် နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ရှာဖွေဖော်ထုတ်မှုများကြောင့် ယနေ့ညနေပိုင်းတွင် မိုင်းပန်မြို့၏ မြောက်ဘက် မီတာ ၁၂၃၀၀ ခန့်အကွာတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသားတစ်ဦးအား ထပ်မံဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသားများအား လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆက်လက်ဆောင်ရွက်လျက်ရှိ**

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်အတွင်း မေ ၆ ရက်တွင် တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသားနှစ်ဦး ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

# အီရတ်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူသုံးဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

ရန်ကုန် မေ ၇

အီရတ်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မဝင်းဝင်းအေး၊ မဝိုင်းသစ္စာနှင့် မနွယ်နီမြင့်တို့ကို အမိနိုင်ငံသို့ ပို့ဆောင်နိုင်ရန် ကိုင်ရိုမြို့ရှိ မြန်မာသံရုံးသည် အီရတ်နိုင်ငံမှ အစိုးရအဖွဲ့အစည်းများ၊ IOM အဖွဲ့တို့နှင့် ညှိနှိုင်း ချိတ်ဆက်ဆောင်ရွက်မှုဖြင့် မေ ၆ ရက်တွင် ဘဂ္ဂဒတ်မြို့မှ လေကြောင်းလိုင်းဖြင့် ထွက်ခွာခဲ့ရာ မေ ၇ ရက် ည ၈ နာရီခန့်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။



အမိနိုင်ငံသားများ ပြည်ပတွင် နိုင်ငံတော်အစိုးရ အနေဖြင့် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရပါက မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့၏ ညှိနှိုင်း ကူညီဆောင်ရွက်ပေးမှုဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုကို အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့ကို လှိုက်လှဲစွာ ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)

ဓာတ်ပုံ-ကနူး

# ပေါင်မြို့နယ်၌ မိုးရာသီတွင် စိုက်ပျိုးရန် ပျိုးပင်ပေါင်း ၂၅၀၀၀ ပျိုးထောင်ထား

ပေါင် မေ ၇

မွန်ပြည်နယ် ပေါင်မြို့နယ် သစ်တောဦးစီးဌာန၌ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန်နှင့် ရာသီဥတုအပူဒဏ်ကာကွယ်နိုင်ရေးအတွက် ၂၀၂၆ ခုနှစ် မိုးရာသီတွင် လူထုဖြန့်စိုက်ပျိုးရန် ပျိုးပင်ပေါင်း ၂၅၀၀၀ ကို နည်းလမ်းကိုးသွယ်ဖြင့် ဖြန့်ဝေစိုက်ပျိုးသွားရန် ပျိုးထောင်ထားရှိသည်။

ပေါင်မြို့နယ် သစ်တောဦးစီးဌာနမှ ရာသီဥတုပူပြင်းလာခြင်း၊ မိုးခေါင်ခြင်းစသော သဘာဝဘေးဖြစ်စဉ်များကို သစ်ပင်စိုက်ပျိုးခြင်းဖြင့် ကာကွယ်သွားနိုင်မည်ဖြစ်၍ ပြည်သူများအနေဖြင့် နှစ်စဉ်မိုးရာသီတွင် သစ်ပင်များ တစ်နိုင်တစ်ပိုင် စိုက်ပျိုးပြုစုထိန်းသိမ်းသွားစေလိုကြောင်း ပေါင်မြို့နယ်တာဝန်ခံ တောအုပ်ကြီးက ပြောကြားသည်။

မွန်မလေး(ပြန်/ဆက်)

# မသန်စွမ်းသက်ကြီးသင်တန်းကျောင်းတွင်ဖွင့်လှစ်မည့် သင်တန်းများအတွက် သင်တန်းသား၊ သင်တန်းသူများခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း (ရန်ကုန်) တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွင်း (၁)နှစ် သင်တန်းဖြစ်သော အီလက်ထရောနစ်သင်တန်းအား ၁၁-၅-၂၀၂၆ ရက်မှ ၂၆-၃-၂၀၂၇ ရက် အထိလည်းကောင်း၊ အမှတ်စဉ် (၁)၊ (၃) လသင်တန်းများဖြစ်သော ကွန်ပျူတာသင်တန်း၊ စက်ချုပ်သင်တန်း၊ ဆံသသင်တန်းနှင့်တံဆိပ်ရိုက်သင်တန်းများအား ၁၁-၅-၂၀၂၆ရက်မှ ၇-၈-၂၀၂၆ရက်အထိ လည်းကောင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

**သတ်မှတ်ချက်များ**

၁။ ကိုယ်အင်္ဂါမသန်စွမ်းသူဖြစ်ရမည်။
၂။ အသက် (၁၈) နှစ်မှ (၄၅) နှစ်အတွင်းရှိသူဖြစ်ရမည်။
၃။ နေ့စဉ်တစ်ကိုယ်ရေလုပ်ငန်းဆောင်တာများအား ဆောင်ရွက်နိုင်သူဖြစ်ရမည်။
၄။ ကျား/မ၊ လူမျိုးနှင့် ကိုးကွယ်ရာဘာသာမရွေး လျှောက်ထားနိုင်သည်။
၅။ သင်တန်းကာလအတွင်း ကျောင်းမှချမှတ်ထားသော စည်းကမ်းများကို လေးစားလိုက်နာနိုင်ရမည်။
၆။ သင်တန်းကာလပြီးဆုံးအောင် တက်ရောက်နိုင်သူဖြစ်ရမည်။
၇။ ပညာအရည်အချင်းနှင့်သင်ကြားပေးမည့်ဘာသာရပ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| သင်တန်းအမည် | ပညာအရည်အချင်း | ဘာသာရပ်များ |
|---|---|---|
| (က) အီလက်ထရောနစ် သင်တန်း | အထက်တန်း | Multimeter အသုံးပြုနည်း၊ Components သင်တန်းပစ္စည်းများ တိုင်းတာစစ်ဆေးခြင်း၊ အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်း၊ Circuit တည်ဆောက် / စစ်ဆေး/ ပြုပြင်ခြင်း၊ Sound Wave System၊ Power Supply၊ Amplifier နှင့် Transformer တည်ဆောက်ခြင်း |
| (ခ) ကွန်ပျူတာသင်တန်း | အထက်တန်း | Microsoftword၊ Microsoft Excell၊ Power Point၊ Adobe Pagemaker 7.0၊ Photo Shop |
| (ဂ) စက်ချုပ်သင်တန်း | အလယ်တန်း | အခြေခံစက်နင်းခြင်း၊ Pattern ဆွဲနည်း/ ထုတ်နည်း၊Blouse အင်္ကျီအမျိုးမျိုး၊ ချိတ်ထဘီနှင့် ကျားရှပ်အင်္ကျီချုပ်နည်း |
| (ဃ) ဆံသသင်တန်း | မူလတန်း | အမျိုးသားနှင့် အမျိုးသမီး ဆံပင်ပုံစံမျိုးစုံ ညှပ်ခြင်း၊ ခေါင်းလျှော်၊ ဆံပင်ဆေးဆိုး၊ ဆံပင်ဖြောင့်/ကောက်၊ မျက်နှာနှင့်ဆံပင်ပေါင်းတင်ခြင်းနှင့် နားဖောက်ခြင်း |
| (င) တံဆိပ်ရိုက်သင်တန်း | မူလတန်း | ဒီဇိုင်းပေါင်ပြုလုပ်ခြင်း၊ ဆေးစပ်ခြင်း၊ အင်္ကျီတံဆိပ်ရိုက်ခြင်း၊ အင်္ကျီစတေကာ ပြုလုပ်ခြင်း၊ ဖန်ခွက်တံဆိပ်ရိုက်ခြင်း၊ မှန်ပန်းချီပြုလုပ်ခြင်း |

**သင်တန်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ**

၁။ မှတ်ပုံတင်မိတ္တူ
၂။ အိမ်ထောင်စုဇယားမိတ္တူ
၃။ ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ
၄။ သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး၏ အမှန်တကယ်နေထိုင်ကြောင်း ထောက်ခံချက်မူရင်း
၅။ ကျန်းမာရေးနှင့်ပတ်သက်သော ဆေးမှတ်တမ်းများနှင့် သောက်သုံးနေရသည့် ဆေးဝါးများ ယူဆောင်လာရန်

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ အမှတ် (၆၅) ကျိုက်ဝိုင်းဘုရားလမ်း၊ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းဝင်းအတွင်းရှိ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၊မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လူကိုယ်တိုင်တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။

သင်တန်းတက်ရောက်ခွင့်ရသူများသည် သင်တန်းတက်ရောက်နေစဉ် ကာလအတွင်း စားသောက်နေထိုင်ရေး၊ သင်ထောက်ကူပစ္စည်းများနှင့် နယ်မှလာရောက်သော သင်တန်းသား၊ သင်တန်းသူများအတွက် ရန်ကုန်မြို့သို့လာသော အသွားအပြန်ခရီးစရိတ်များကို နိုင်ငံတော်မှ စီစဉ်ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ ဖုန်းနံပါတ် - ၀၆၇-၄၀၄၂၅၂ နှင့် မသန်စွမ်းသက်ကြီးသင်တန်းကျောင်း (ရန်ကုန်) ဖုန်းနံပါတ် ၀၁-၉၆၆၁၇၁၂၊ ၀၉-၄၄၈၀၁၃၅၀၈၀၊ ၀၉-၉၇၂၆၆၁၈၄၀ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

## နိုင်ငံ့သားကောင်း တာဝန်ကျေပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး အသိပေးထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရမှ ဖွဲ့စည်းပေးထားသည့် “စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ”အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ပြန်ကြမည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ကော်မတီသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် နိုင်ငံ့သားကောင်းများအနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်လိုသူများ၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပကုမ္ပဏီ ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများနှင့် မိမိတို့ရပ်ရွာများတွင် ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်လိုသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ကျေပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများအနေဖြင့် သတ်မှတ်ကာလ ပြည့်မီစွာ တာဝန်ထမ်းဆောင်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် အခက်အခဲများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ကာကွယ်ရေးဝန်ကြီးဌာန | - | ၀၆၇၃၄၀၄၆၃၄ ၊ ၀၆၇၃၄၀၄၆၃၅ ။ |
| (ခ) | စစ်ရေးချုပ်ရုံး | - | ၀၃၆၃၁၃၄၇ ။ |
| (ဂ) | အလုပ်သမားဝန်ကြီးဌာန | - | ၀၆၇၃၄၃၀၁၈၁ ၊ ၀၆၇၃၄၃၀၁၈၂ ။ |

**စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ**

## မိုးညှင်းမြို့နယ် အင်ကြင်းကုန်းကျေးရွာနေ ပြည်သူများအတွက် ရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာမြေငှားဂရန်များ ဆောင်ရွက်ပေး

မြစ်ကြီးနား မေ ၇

ခရိုင်/မြို့နယ်/ကျေးရွာ မြေငှားဂရမ် ထုတ်ပေးရေးလုပ်ငန်းအဖွဲ့ဝင်များ၏ ရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာမြေငှားဂရန်ထုတ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက မိုးညှင်းမြို့နယ် အင်ကြင်းကုန်းကျေးရွာ ခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကားပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးက ကျေးရွာများတွင် ကျေးလက်နေပြည်သူများ ပိုင်ဆိုင်နေထိုင်ကြသည့် အိမ်ခြံမြေကွက်များကို ရက် ၁၀၀ စီမံချက်ဖြင့် မြေငှားဂရန်ထုတ်ပေးလျက်ရှိသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အင်ကြင်းကုန်းကျေးရွာနေပြည်သူများအတွက် ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်ပေးသော ကျေးရွာမြေငှားဂရန်များကို ပေးအပ်ကြသည်။

ယင်းနောက် ရပ်မိရပ်ဖတစ်ဦးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ တင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာကဏ္ဍအလိုက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မြေငှားဂရန်လျှောက်ထားမှုအပေါ် စိစစ်ဆောင်ရွက်ပေးနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ အဆိုပါကျေးရွာ ကွင်းအမှတ် ၃၁၉ အတွင်းရှိ ပိုင်ရှင် ဦးအုန်းကျော်၏ မိုးစပါးစိုက်လယ်အတွင်း သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်) ကြဲပက်မှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ တောင်သူများ၏ စိုက်ပျိုးရေး ဓာတ်မြေသြဇာ၊ မျိုးစပါးလိုအပ်ချက်နှင့် ထွန်ယက်နိုင်ရေးအတွက် စက်သုံးဆီလိုအပ်ချက်များ တင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ပုသိမ်တက္ကသိုလ်နှင့် ပုသိမ်ပညာရေးဒီဂရီကောလိပ်တို့မှ ဆရာ ဆရာမများနှင့်တွေ့ဆုံ

နေပြည်တော် မေ ၇

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်နှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် ပုသိမ်ပညာရေး ဒီဂရီကောလိပ်သို့ သွားရောက်၍ စာသင်ခန်းများတွင် ပညာရေးနှင့် သင်ပြနည်းပညာ ဒီပလိုမာ (၂/၂၀၂၆) သင်တန်း သင်ကြားနေမှုများကို ကြည့်ရှုပြီး သင်တန်းသားများကို အားပေးစကားပြောကြားသည်။



ထို့နောက် ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများကို တွေ့ဆုံ၍ ပုသိမ်ပညာရေး ဒီဂရီကောလိပ်မှ ပုသိမ် ဆရာအတတ်ပညာ တက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်ပြီးနောက်တွင် ထားရှိရမည့်ခံယူချက်စိတ်ထားနှင့် ဆောင်ရွက်ရမည့်တာဝန်များကို ရှင်းလင်းဆွေးနွေးပြီး ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်တက္ကသိုလ်သို့ရောက်ရှိပြီး တက္ကသိုလ်ဥပမိရုပ်ကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေး၊ အပန်းဖြေရိပ်သာတည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများနှင့်တွေ့ဆုံကာ ပညာရေးမြှင့်တင်မှုအတွက် အကြံပြုချက်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြီး ပုသိမ်တက္ကသိုလ် ဇီဝအရင်းအမြစ်နှင့် ဇီဝနည်းပညာဖွံ့ဖြိုးရေးဌာနသို့ သွားရောက်၍ သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးမှာကြားခဲ့သည်။

ယနေ့ နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ချောင်းသာကမ်းခြေ၌ကျင်းပသော အဆင့်မြင့်ပညာအဆင့် လူရည်ချွန်စခန်း (ချောင်းသာ) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ လူရည်ချွန်မောင်မယ်များအား အမှာစကားပြောကြားပြီး လူရည်ချွန်ရင်ထိုးတံဆိပ်များ တပ်ဆင်ပေးသည်။ **သတင်းစဉ်**

## ဇေယျာသီရိမြို့နယ် ရွာသစ်ကုန်းကျေးရွာ တောင်ပေါ်လမ်းပိုင်းကို ကွန်ကရစ်လမ်းခင်း

နေပြည်တော် မေ ၇

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ကျောက်ဖျာအုပ်စု ရွာသစ်ကုန်းကျေးရွာသို့ သွားရောက်သည့် တောင်ပေါ်လမ်းပိုင်းကို ယနေ့နံနက်ပိုင်းတွင် မြစိမ်းရောင်အရင်းမပျောက် လည်ပတ်ရန်ပုံငွေမှရရှိသော အတိုးငွေ ၅၀ ရာခိုင်နှုန်း၊ ဒေသခံအလှူရှင်များနှင့် ပြင်ပအလှူရှင်များစုပေါင်း၍ ကွန်ကရစ်လမ်းခင်းပြုပြင်ခြင်းလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။ ရွာသစ်ကုန်းကျေးရွာရှိ အိမ်ထောင်စု ၁၅၉ စုနှင့် လူဦးရေ ၆၁၅ ဦးတို့ အားကိုးအားထားပြုသွားလာနေသည့် ကျောက်ခင်းလမ်းကို ဆိုင်ကယ်မောင်းရန် သင့်တော်သည့် ကွန်ကရစ်လမ်းအဖြစ် ပြုပြင်ဖောက်လုပ်နေခြင်းဖြစ်သည်။ ထို့ပြင် အဆိုပါလမ်းပိုင်းသည် အရှည် ၅ မိုင် ၄ ဖာလုံခန့်ရှိပြီး တောင်ပေါ်ဒေသထွက်ကုန်များ မြေပြန့်ဒေသသို့ သယ်ပို့ရောင်းချရာတွင် အရေးပါသည့် လမ်းပိုင်းတစ်ခုဖြစ်ကြောင်း သိရသည်။ **ကြေးမုံ**



## ဟိုပုံးမြို့နယ်၌ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေးထိုးစီမံချက် ကွင်းဆင်းဆောင်ရွက်

ဟိုပုံး မေ ၇

နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက မေ ၃ ရက် နံနက်ပိုင်းတွင် တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်းရှိ နို့စားနွားခြံနှင့် ကျောက်တန်းကျေးရွာတို့တွင် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူး ဒေါက်တာကျော်ကျော်လွင်က ရက်(၁၀၀) ကာကွယ်ဆေးထိုးမည့်စီမံချက်၊ တိရစ္ဆာန်များတွင်ဖြစ်ပွားတတ်သော ကူးစက်ရောဂါများအကြောင်း အသိပညာပေးဟောပြောပြီး တိရစ္ဆာန်များကို သံချဆေးနှင့် အားဆေးများ အခမဲ့တိုက်ကျွေးထိုးနှံပေးခြင်း၊ ရောဂါဖြစ်ပွားသောတိရစ္ဆာန်များကို ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ပအိုဝ်းဒေသ(ပြန်/ဆက်)**

# မကွေးမြို့၌ အောင်သစ်လွင်ဈေးသစ် ဖွင့်လှစ်



မကွေး မေ ၇

မကွေးတိုင်းဒေသကြီး မကွေးမြို့ အောင်မေတ္တာရပ်ကွက် သစ်တောလမ်းရှိ အောင်သစ်လွင် ဈေးသစ်ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက အဆိုပါဈေးသစ်တည်ရှိရာနေရာ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုက မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးရေးနှင့် အခြေခံလိုအပ်ချက်များဖြစ်သည့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့်အခြေခံအဆောက်အအုံများ ပြည့်စုံစေရန် ပြည်သူ့အသံကို နားထောင်၍ အစဉ်တစိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ယခု အောင်သစ်လွင်ဈေးသစ်ကြီးသည် ပြည်သူလူထု၏ အခြေခံလိုအပ်ချက်ထဲမှ အဓိကကျသော အဆောက်အအုံတစ်ခုဖြစ်သည့်အတွက် ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက အောင်သစ်လွင်ဈေးတည်ဆောက်ခြင်း လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူတို့က ဈေးသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖွင့်ပွဲတွင် ကူညီပါဝင်အားဖြည့်ပေးသော ပန်းဖွားအဖွဲ့နှင့် ဘင်ခရာ အဖွဲ့တို့အား ဂုဏ်ပြုဆုငွေများပေးအပ်ကာ ဈေးသစ်ကိုကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မောင်ခိုင်မင်း (ပြန်/ဆက်)**

# တံတားဦးမြို့နယ်၌ သဘာဝမြေသြဇာထုတ်လုပ်နည်းသင်တန်းဖွင့်

တံတားဦး မေ ၇

မန္တလေးတိုင်း ဒေသကြီး တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက်(၁၀၀) စီမံချက်ဖြင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သဘာဝမြေသြဇာထုတ်လုပ်နည်းသင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက အုတ်ကျွတ်ဖိုကျေးရွာ၌ ပြုလုပ်သည်။




ဦးစွာ တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို အုတ်ကျွတ်ဖိုကျေးရွာမှ သင်တန်းသားသင်တန်းသူ ၂၀ တက်ရောက်ကြပြီး ကျွမ်းကျင်နည်းပြ ဆရာများက သဘာဝမြေသြဇာ ထုတ်လုပ်နည်းသင်ခန်းစာများကို မေ ၆ ရက်မှ ၈ ရက်အထိ သုံးရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးမည် ဖြစ်ကြောင်း သိရသည်။

**ဖြိုးကျော် (ပုံတောင်မြေ)**



# အောင်လံမြို့နယ်၌ မွေးမြူရေးပညာပေးသင်တန်း ဖွင့်လှစ်

အောင်လံ မေ ၇

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက အစိုးရသစ်၏ ရက် (၁၀၀) စီမံချက်ဖြင့် မွေးမြူရေးပညာပေးသင်တန်းကို မေ ၅ ရက်တွင် အဆိုပါဦးစီးဌာနရုံး၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာ အိသန္တာက အမှာစကား ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါက်တာ စန္ဒာဝင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ သင်တန်းကို ဖွင့်လှစ်ပေးသည်။

အဆိုပါသင်တန်းကို မေ ၅ ရက်မှ ၇ ရက်အထိ ပို့ချသွားမည်ဖြစ်ပြီး မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၀ အား သင်တန်းတွင် တစ်နိုင်တစ်ပိုင် မွေးမြူရေးမှ စီးပွားဖြစ် တိုးချဲ့မွေးမြူနိုင်ရေး နည်းလမ်းများ၊ လွတ်ကျောင်းမွေးမြူသည့်စနစ်မှ ခြံလှောင်မွေးမြူသည့်စနစ်သို့ ပြောင်းလဲမွေးမြူနိုင်ရေး နည်းစနစ်များ၊ တိရစ္ဆာန်အစာ ကျွေးမွေးခြင်းနှင့် ကူးစက်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း၊ ပြည်သူလူထုအတွင်း အသိပညာပေးခြင်း လုပ်ငန်းများစသည်တို့ကို ပို့ချမည်ဖြစ်ကြောင်း သိရသည်။ **အာကာ(ပြန်/ဆက်)**



# ကျိုက်ထိုမြို့နယ်၌ အခြေခံမွေးမြူရေးပညာပေးသင်တန်း ဖွင့်လှစ်

ကျိုက်ထို မေ ၇

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ရက်(၁၀၀) စီမံချက်ဖြင့် စီစဉ်ဖွင့်လှစ်သည့် အခြေခံမွေးမြူရေးပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးလက်ထောက် ညွှန်ကြားရေးမှူးဒေါက်တာဖြိုးဝင့်ကိုက အမှာစကားနှင့် သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့်ဝန်ထမ်းများက တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ သိကောင်းစရာများ၊ ပဋိဇီဝဆေးယဉ်ပါးမှုအကြောင်း၊ ကောင်းမွန်သောတိရစ္ဆာန်မွေးမြူရေးကျင့်စဉ်၊ ဇီဝလုံခြုံမှု၊ နွား၊ ဝက်၊ ကြက်၊ ဆိတ် မွေးမြူရေး စသည့်ဘာသာရပ်တို့ကို နှစ်ရက်ကြာ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည့်ဖြိုး(ပြန်/ဆက်)

# မင်းလှမြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

မင်းလှ မေ ၇

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ ၂၀၂၅- ၂၀၂၆ ခုနှစ် နွေစပါးစံကွက်ရိတ်သိမ်းခြင်းကို ယနေ့နံနက်ပိုင်းက ဝက်လှကြီးကျေးရွာ တောင်သူဦးသန်းစိုး၏ ရေဆင်းပေါ်ဆန်း-၁ မျိုးစေ့ထုတ်စိုက်ခင်း လေးဧကတွင် ဆောင်ရွက်သည်။

မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ထူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုး ရေးဦးစီးမှူးနှင့် ဝန်ထမ်းများ၊ တောင်သူများ ပူးပေါင်း၍ နွေစပါးစံကွက်ရိတ်သိမ်းခြင်း ဆောင်ရွက်ခဲ့ရာ တစ်ဧကလျှင်အထွက်နှုန်း ၉၅ တင်း(အစိုအထွက်တင်း) ထွက်ရှိသည့် မင်းလှမြို့နယ်အနေဖြင့် နွေစပါးရာသီတွင် ရေဆင်းပေါ်ဆန်းစပါး ဧက ၄၀ အား မျိုးစေ့ထုတ်စိုက်ပျိုးထားရှိပြီး မိုးစပါးတွင် တိုးချဲ့စိုက်ပျိုးနိုင်ရေး တောင်သူများအား ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**





# တောင်နဝင်းဆည် ရေသောက်စနစ်အတွင်း တူးမြောင်းနှင့် လယ်ကြားမြောင်းများ ရှင်းလင်း

ပေါက်ခေါင်း မေ ၇

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် တောင်နဝင်းဆည်ရေသောက်စနစ်အတွင်း တူးမြောင်းနှင့် လယ်ကြားမြောင်းများ ရေစီးရေလာကောင်းမွန် နိုင်စေရေးအတွက် ရေသွားလမ်းကြောင်း ရှင်းလင်းခြင်းလုပ်ငန်းကို ယမန်နေ့နံနက်ပိုင်းက ဆည်မြောင်းဦးစီးဌာနဝန်ထမ်းများနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်သည်။

တောင်နဝင်းရေလှောင်တမံမှ စိုက်ပျိုးရေရယူ၍ နှစ်စဉ်နွေစပါးစိုက်ပျိုးပြီး နိုင်ငံ့စီးပွား မြှင့်တင်ပေးလျက်ရှိရာ ယခုနှစ်တွင် နွေစပါးဧက ၁၁၈၇၃ ဧကစိုက်ပျိုးထားကြောင်း သိရသည်။ **ဖုန်းကျော်ဇင်(ပြန်/ဆက်)**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

○ ကျောဖုံးမှ

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် ရေတပ်သားဘာသာရပ်၌ ပါဝင်သည့် ရေကြောင်းဝေါဟာရ၊ ကျောက်ဆူးနှင့် ကျောက်ကြိုးသင်ခန်းစာ၊ ရေယာဉ်ကိုင်တွယ်မောင်းနှင်မှုနှင့် တက်မထိန်းသင်ခန်းစာ၊ ရေကူးဘာသာရပ်၌ပါဝင်သည့် ခြေခတ်၊ လက်ဆွဲမြေပြင်သင်ခန်းစာ၊ ပက်လက်ကူး၊ ပေါင်းစပ်ကူးခတ်ခြင်း၊ မှောက်လျက်ကူးသင်ခန်းစာများကို နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၉၅ ဦး၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ရှိအင်းယားရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၁၀၀၊ ကိုကိုးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၃၅ ဦး၊ ကရင်ပြည်နယ်ဘားအံမြို့ရှိရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၁၂၀၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၆၀၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၅၀၊ ပုသိမ်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၆၅ ဦး၊ မွန်ပြည်နယ်မော်လမြိုင်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၆၀၊ တနင်္သာရီတိုင်းဒေသကြီး ဟိန်းဇဲဒေသရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၄၀၊ မြိတ်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၅၀၊ ကျွန်းစုမြို့ရှိရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၅၀ နှင့် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၇၅ ဦးတို့ကို သက်ဆိုင်ရာ နယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။



ရေကြောင်းလူငယ်သင်တန်းသားများ ကြိုးချည်ကြိုးထိုးသင်ခန်းစာများ လေ့ကျင့်သင်ကြားစဉ်။

အလားတူ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉) သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၂၀ တွင် စုစုပေါင်း သင်တန်းသား ၁၀၄၄ ဦးဖြင့် ဖွင့်လှစ်သင်ကြားလျက်ရှိရာ မှော်ဘီမြို့ရှိမြန်မာပြည်တောင်ပိုင်းသင်တန်းစခန်းမှ သင်တန်းသား ၆၃ ဦး၊ ရန်ကုန်မြို့ရှိ ရန်ကုန်သင်တန်းစခန်းမှ သင်တန်းသား ၅၀၊ နမ့်စန်မြို့ရှိ နမ့်စန်သင်တန်းစခန်းမှ သင်တန်းသား ၅၀၊ တောင်ကြီးမြို့ရှိ တောင်ကြီးသင်တန်းစခန်းမှ သင်တန်းသား ၆၀၊ တောင်ငူမြို့ရှိ တောင်ငူသင်တန်းစခန်းမှ သင်တန်းသား ၆၀၊ မုံရွာမြို့ရှိ မုံရွာသင်တန်းစခန်းမှ သင်တန်းသား ၅၀၊ ပုသိမ်မြို့ရှိ ပုသိမ်သင်တန်းစခန်းမှ သင်တန်းသား ၅၃ ဦး၊ မိတ္ထီလာမြို့ရှိ မိတ္ထီလာသင်တန်းစခန်းမှ သင်တန်းသား ၅၀၊ နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်သင်တန်းစခန်းမှ သင်တန်းသား ၆၅ ဦးနှင့် ကျိုင်းတုံမြို့ရှိ ကျိုင်းတုံသင်တန်းစခန်းမှ သင်တန်းသား ၅၀ တို့အား အခြေခံစစ်ရေးပြဘာသာရပ်၊ လေကြောင်းလူငယ်သမိုင်းဘာသာရပ်၊ လေကြောင်းပညာ သမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှုအခြေခံသဘောတရား ဘာသာရပ်၊ လေကြောင်းဆိုင်ရာအခြေခံဗဟုသုတများ ဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ဇာတိသွေး၊ ဇာတိမာန်ဘာသာရပ်၊ RC လေယာဉ်/ရဟတ်ယာဉ် မောင်းနှင်ခြင်းဘာသာရပ်၊ RC Simulator နှင့် Flight Simulator မောင်းနှင်ခြင်းဘာသာရပ်များကို တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး ကျန်သင်တန်းစခန်းအသီးသီးတွင်လည်း ဆက်လက်လေ့ကျင့်သင်ကြား ပို့ချပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ကျောက်မဲမြို့နယ်၌ သဘာဝမြေဆွေး ပြုလုပ်နည်း လက်တွေ့သရုပ်ပြ

ကျောက်မဲ မေ ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအား သဘာဝမြေဆွေးပြုလုပ်နည်း လက်တွေ့သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ကျောက်မဲမြို့နယ် စခန်းသာကျေးရွာ တောင်သူဦးတင်ဌေး၏ စိုက်ပျိုးရေးခြံ၌ ကျင်းပသည်။

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန လားရှိုးပြည်နယ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်အေးက အမှာစကားပြောကြားပြီး ကျောက်မဲခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းထင်စိုးက သဘာဝမြေဆွေးပြုလုပ်ခြင်းဖြင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများနှင့် လက်တွေ့သရုပ်ပြပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများက သဘာဝမြေဆွေးပြုလုပ်နည်းအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြသခဲ့ကြပြီး တောင်သူများ၏ သိရှိလိုသည့်မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပန်းတောင်းမြို့နယ် ဒေသခံများနှင့် တွေ့ဆုံ

ပန်းတောင်း မေ ၇

ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ချိုဦးသည် ယနေ့နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပန်းတောင်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးသည်။

ဦးစွာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများသာမက ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့များအားလုံး ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပြည်သူတို့၏အသံကို နားစွင့်ပြီး လိုအပ်ချက်များကို အစိုးရနှင့် လွှတ်တော်တို့က အတတ်နိုင်ဆုံးဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။



တွေ့ဆုံပွဲသို့ တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ စုစုပေါင်း ၁၅၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)

# ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥပဒေမူကြမ်းရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် မေ ၇

ရန်ကုန်တိုင်း ဒေသကြီးလွှတ်တော်အရည်အသွေးမြှင့်တင်ရေးအစီအစဉ်-၁ ၏ ဥပဒေမူကြမ်းရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အဆောက်အအုံ ပုလဲခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်က အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌက သင်တန်းဆိုင်ရာ လမ်းညွှန်ချက်များ ပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် နှစ်ဦး အပါအဝင် လွှတ်တော်ကိုယ်စားလှယ် ၉၄ ဦးနှင့် အလုပ်ရုံဆွေးနွေးပွဲကို ဦးဆောင်ဆွေးနွေးမည့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေးအဖွဲ့မှ ဥပဒေပညာရှင်များ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၄ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

# မိတ္ထီလာမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီးဆောင်ရွက်ပေး



မိတ္ထီလာ မေ ၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID Biometric ကောက်ယူခြင်းလုပ်ငန်းများ နေ့ချင်းပြီးဆောင်ရွက်နေမှုကို တာဝန်ရှိသူများက မေ ၄ ရက် နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီးဦးစီးမှူး ဦးစိုးလွင်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

## မကွေးတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေး



မကွေး မေ ၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ဆန်စက်နှင့် ဆန်စပါးလုပ်ငန်းရှင်များအသင်း၊ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီက မကွေးမြို့ တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လှိုင်က မိမိတို့ဌာနအနေဖြင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးဆိုင်ရာ အသင်းအဖွဲ့များနှင့် နီးကပ်စွာ ထိတွေ့ဆက်ဆံပြီး လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အထူးသဖြင့် ကုန်စည်စီးဆင်းမှု တည်ငြိမ်မှန်ကန်စေရန်နှင့် ဈေးကွက်အချက်အချာကျသည့် မြို့ကြီးများရှိ ကုန်စည်ဒိုင်များ ဖွံ့ဖြိုးတိုးတက်စေရန် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် တရားမျှတစွာ ယှဉ်ပြိုင်ဆောင်ရွက်ရန်၊ ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ပို့ကုန်ထုတ်လုပ်မှု တိုးတက်စေရေးအတွက် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်လာစေရေး အလေးထား ဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ကြုံတွေ့နေရသည့် အခြေအနေများကို ဆွေးနွေးတင်ပြကြရာ ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ဖျာပုံမြို့၌ ခရိုင်အဆင့် ဒေသန္တရစီမံကိန်း တာဝန်ပေးအပ်ပွဲပြုလုပ်

ဖျာပုံ မေ ၇

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် ခရိုင်အဆင့်၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်(ဧပြီလမှ မတ်လအထိ) ဒေသန္တရစီမံကိန်း တာဝန်ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ဖျာပုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦးက အမှာစကားပြောကြားသည်။ ဆက်လက်၍ ဖျာပုံခရိုင်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစောအောင်ကျော်စိုးက ဒေသန္တရစီမံကိန်းရေးဆွဲထားမှုနှင့်ပတ်သက်၍ ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဖျာပုံခရိုင် ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များက ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများထံ စီမံကိန်းတာဝန်များ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ကျုံပျော်မြို့နယ်၌ ကျေးရွာသစ်လှုပ်ရှားမှု ရန်ပုံငွေပေးအပ်ပွဲပြုလုပ်

ကျုံပျော် မေ ၇

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း (SMU) ဝင်ငွေတိုးတက်ရေးကဏ္ဍ ရန်ပုံငွေပေးအပ်ပွဲ အခမ်းအနားကို ဘုရားကလေးဆိပ်ကျေးရွာ၌ ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းဥက္ကဋ္ဌ ဦးအောင်ဋ္ဌေးမြင့်က စီမံကိန်းဆောင်ရွက်ထားရှိမှုကို ရှင်းလင်းပြောကြားပြီး ကျုံပျော်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ထွန်းတို့က အသင်းသားများထံရန်ပုံငွေများပေးအပ်ခဲ့ကြောင်း သိရသည်။ နေဝင်းမြင့်(ပြန်/ဆက်)



## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇,၄၉၉ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မေ ၇

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေး ကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ မေ ၈ ရက်မှ ၁၄ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇,၄၉၉ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရှိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Pageနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

သတင်းစဉ်



## မိုးကောင်းမြို့နယ်၌ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု လျှော့နည်းစေရေး အသိပညာပေးဟောပြော

မိုးကောင်း မေ ၇

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ရက်(၁၀၀) စီမံချက်ဖြင့် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ပူးပေါင်း၍ မြတောင်အုပ်စု နန့်လှိုင်ခေတ်မီစံပြကျေးရွာခန်းမ၌ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုလျှော့နည်းစေရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မိုးကောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မေဝင်းက အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာနမှ မြို့နယ်မှူးဦးသန်းမော် နှင့် တောအုပ်ကြီး ဦးအောင်သန်းနိုင်တို့က မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုလျှော့နည်းစေရေး၊ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုနှင့် အိမ်တွင်းလေထုညစ်ညမ်းမှု လျှော့ချရေးများနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောခဲ့ကြကြောင်း သိရသည်။ ပြည်နယ်(ပြန်/ဆက်)

## မြောက်ဥက္ကလာပမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မေ ၇

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀) စီမံချက်ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းနှင့် Biometric ကောက်ယူကာ UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းများကို ယမန်နေ့က မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြောက်ဥက္ကလာပမြို့နယ်ဦးစီးမှူး ဦးစံတင်ဦး ဦးဆောင်မှုဖြင့် ဝန်ထမ်းများပါဝင်သောအဖွဲ့က (က) ရပ်ကွက်အတွင်းရှိ အသက်(၁၈)နှစ်ပြည့်ပြီးသူ ရပ်ကွက်နေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းနှင့် Biometric ကောက်ယူ၍ UID ကတ်ထုတ်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ဆက်လက်၍ သက်ဆိုင်ရာရပ်ကွက်များအလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ သက်လွင်စိုး(ပြန်/ဆက်)



## ပေါက်ခေါင်းမြို့နယ်၌ ကျွဲ၊ နွားများအား ကာကွယ်ဆေးထိုးနှံပေး

ပေါက်ခေါင်း မေ ၇

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ရက် (၁၀၀) စီမံချက်ဖြင့် ကျွဲ၊ နွားများအား ကာကွယ်ဆေးထိုးနှံခြင်းကို ဝက်တိုးကျေးရွာအုပ်စု၌ ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကျော်ခင်သန်း ဦးဆောင်မှုဖြင့် ဝန်ထမ်းများနှင့် တိရစ္ဆာန်ကျန်းမာရေးလုပ်သားများက ဝက်တိုးကျေးရွာအုပ်စုမှ နွားမွေးမြူသူ ၃၈ ဦး မွေးမြူထားရှိသည့် နွားကောင်ရေ ၂၃၈ ကောင်အား ကျွဲ၊ နွား ဒေါင့်သန်းရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

ဖုန်းကျော်ဇင်(ပြန်/ဆက်)



ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

**BYMA Myanmar Limited**
**Voluntary Liquidation with the consent of the shareholders**

At the Special General Meeting of the Company held as "Visio Meeting" on 28 Apr 2026 a Special resolution was passed to place the Company into Voluntary liquidation. For carrying out the liquidation, Daw Thida Cho Win holding NRC number 5/Nga Za Na (Naing)038662 was appointed as liquidator/ Insolvency Practitioner with effect from 5 May 2026.

We hereby declare that any person owing debts and liabilities to the Company shall claim or pay them from the liquidator by 08 Jun 2026 at the latest.

၂၀၂၆ ခုနှစ်၊ ဧပြီလ၊ ၂၈ ရက်နေ့တွင် "Visio Meeting" ဖြင့် ကျင်းပသည့်အထူးအစည်းအဝေးတွင်ကုမ္ပဏီအားဆန္ဒအလျောက် ဖျက်သိမ်းရန် အထူးဆုံးဖြတ်ချက်ကို အတည်ပြုခဲ့ပါသည်။ ကုမ္ပဏီအားဖျက်သိမ်းမှု လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် နိုင်ငံသားစိစစ်ရေးကဒ် ၅/ငဇန (နိုင်)၀၃၈၆၆၂ ကိုင် ဆောင်ထားသော ဒေါ်သီတာချိုဝင်းအား စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ /Insolvency Practitioner အဖြစ် ၂၀၂၆ ခုနှစ်၊ မေလ၊ ၅ ရက်နေ့တွင်ခန့်အပ်ခဲ့ပြီးဖြစ်သည်။

ကုမ္ပဏီသို့ ကြွေးမြီများရှိသည့်မည်သူမဆိုနှင့်ကုမ္ပဏီမှပေးဆပ်ရမည့်အကြွေးများအတွက်ကြွေးရှင်မည်သူမဆို၂၀၂၆ ခုနှစ်၊ ဇွန်လ၊ ၈ ရက်နေ့နောက်ဆုံးထားပြီး စာရင်းရှင်းသူထံသို့ဆက်သွယ်ရှင်းလင်းဆောင်ရွက်ရမည်ကိုအသိပေးကြေငြာအပ်ပါသည်။

**Daw Thida Cho Win**
**Liquidator**
**BYMA Myanmar Limited**
**#706/708, 7B, Gonyi Residence, Corner of Upper Pansodan Road & Myanma Gonyi Street, Mingalar Taung Nyunt T/S, Yangon.**

## အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ စစ်ပင်တောင်(အထက်) ရပ်ကွက်၊ သိရိသုခလမ်း၊ (ယခင်) ရွှေရတနာလမ်း၊ စစ်ပင်တောင်ကျေးရွာအုပ်စု၊ အကျယ်အဝန်း (အလျား ၄၀/၅၀x အနံ ၉၀/၈၅)ပေ၊ ရွာမြေအမျိုးအစား၊ မြေပိုင်ရှင် ဒေါ်မေသက်ထွေး [၄/မတပ(နိုင်) ၀၃၄၄၃၃] ကိုင်ဆောင်သူ လက်ရှိထားပိုင်ဆိုင် အကျိုးခံစားလျက်ရှိသော အဆိုပါ မြေကွက်ကို အခြားမည်သူတစ်ဦးတစ်ယောက် ထံသို့ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ထားခြင်းမျိုး လုံးဝ(လုံးဝ)မရှိပါ။ ယခုအခါ ဒေါ်မေသက်ထွေး၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ယင်းမြေကွက်အား လွှဲပြောင်းရောင်းချရန် စီစဉ်လျက်ရှိကြောင်း သိရှိရပါသဖြင့် ထိုကဲ့သို့ ခွင့်ပြုချက်မရှိဘဲ တစ်နည်းနည်းဖြင့် လွှဲပြောင်းရောင်းချခြင်း ပြုလုပ်ဆောင်ရွက်သူ မည်သူကိုမဆို ဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း မမှန်ကန်သောနည်းလမ်းဖြင့် စီးပွားရှာလုပ်ကိုင်နေသူများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေသက်ထွေး၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ငွန်ဒီဆန်း LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၇၂၄၇/၂၀၂၁)**
**အမှတ်– ၁၀/၁၂၊ ပထမထပ်၊ ၃၅ လမ်းတို ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph: 09-43200093**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်၊ ခေါင်းကွဲကျေးရွာအုပ်စု၊ ခေါင်းကွဲကျေးရွာနေ ဦးဝင်းမြင့်+ဒေါ်ရွှေတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်မိတ်ဆွေတို့၏ သမီးဖြစ်သူ နိုင်ငံသားစိစစ်ရေးကတ် [၉/မခန(နိုင်) ၁၄၈၅၁၇] ကိုင်ဆောင်သူ မခင်မျိုးလွင်သည် မိသားစုပိုင်အတွင်း ပစ္စည်းများကိုယူ၍ အိမ်မှထွက်သွားသည့်အပြင် မိဘများနှင့်မိသားစုဝင်များ၏ ကိုယ်စိတ်နှလုံးဆင်းရဲစေရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန်ကိစ္စများကို ပြုလုပ်ဆောင်ရွက်ခဲ့သောကြောင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမဆို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မဥ္ဇူကျော် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်– ၅၅၁၅၀)**
**အမှတ် (၄၀၅/A)၊ အောင်ရတနာလမ်း၊ ကြီးပွားရေးရပ်ကွက်၊**
**သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၄၂၁၀၀၀၈၆၅**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၀၆)၊ မြဝတ်ရည်လမ်းသွယ်၊ မြေကွက်အမှတ်(၁၂၅၈/က)၊ (၂၀x၆၀)ပေ အကျယ်အဝန်းရှိ ဦးသန်အေး [၁၂/လမန(နိုင်)၀၆၇၄၈၄]အမည်ပေါက် ပါမစ်မူရင်းမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်ထားသော ဒေါ်အေးမို့မို့ [၁၀/မလမ(နိုင်)၂၃၇၉၇၇]မှ စာချုပ်စာတမ်းမူရင်းများဖြင့် အရှုပ်အရှင်းကင်းသည့် မိမိပိုင်ပစ္စည်းဖြစ်၍ ရောင်းချရန် အဆိုပြုကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေ–ဦးလှညွှန့် [၆/ပလန(နိုင်)၀၀၉၃၂၆]မှ (၂၅–၄–၂၀၂၆)ရက်စွဲပါ စာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ (ပါမစ်)မြေနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်ထိတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးမြင့်ခိုင် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၆၆၂၂)**
**အမှတ်(၃၆၅)၊ သမာဓိ (၂)လမ်း၊ (၃၉/ဘီ)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ PH: 09-422464007, 09-795598060**

**BYMA Myanmar Limited**
**Appointment of the liquidator of the company Pursuant to section 152(a)of the Insolvency Law and Rule 15 of the Insolvency Rules**
**(Members' Voluntary Winding Up)**

At the Special General Meeting of the Company held as "Visio Meeting" on 28 Apr 2026 a Special resolution was passed to place the Company into Voluntary liquidation. For carrying out the liquidation, Daw Thida Cho Win holding NRC number 5/Nga Za Na (Naing) 038662 was appointed as liquidator/Insolvency Practitioner and the appointment with effect from 05 May 2026.

၂၀၂၆ ခုနှစ်၊ ဧပြီလ၊ ၂၈ ရက်နေ့တွင် "Visio Meeting" ဖြင့် ကျင်းပသည့်အထူးအစည်းအဝေးတွင်ကုမ္ပဏီအားဆန္ဒအလျောက် ဖျက်သိမ်းရန် အထူးဆုံးဖြတ်ချက်ကို အတည်ပြုခဲ့ပါသည်။ ကုမ္ပဏီအားဖျက်သိမ်းမှုလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် နိုင်ငံသားစိစစ်ရေးကဒ် ၅/ငဇန(နိုင်) ၀၃၈၆၆၂ကိုင်ဆောင်ထားသောဒေါ်သီတာချိုဝင်းအားစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ /Insolvency Practitioner အဖြစ် ၂၀၂၆ ခုနှစ် ၊ မေလ ၊ ၅ ရက်နေ့တွင်ခန့်အပ်ခဲ့ပြီးဖြစ်သည်။

**For and on behalf of BYMA Myanmar Limited**
**Mr. Denis Louis Claude AVERLAN    Mr. Richard Lai Kian YI**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ် (–) ဟုခေါ်တွင်သော အလျား(၁၈)ပေx အနံ(၆၀)ပေ အကျယ်အဝန်းရှိသော ခြံမြေနှင့် ၎င်းခြံမြေအပါအဝင် ကိုယ်ပိုင်မီတာ ရေမော်တာ၊ သီးပင်စားပင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်သန္တာစိုး [၁၂/လကန(နိုင်) ၁၄၉၄၈၇]က ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူ၍ တရားဝင်လက်ရှိပိုင်ဆိုင်ထားပြီး ၎င်းမှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်သန္တာအောင် [၁၂/ရပသ(နိုင်) ၀၃၈၆၇၅]က အပြီးအပိုင်ဝယ်ယူရန် မြေကွက်၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန္တာအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိမ့်သဥ္ဇာကောင်း (LL.B) အထက်တန်းရှေ့နေ (စဉ်– ၅၆၈၂၁)**
**အမှတ်(၃၅၂)၊ တပင်ရွှေထီးလမ်း၊ (၁၁)ရပ်ကွက်၊ အရှေ့ဒဂုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ၀၉– ၇၉၅၄၆၁၄၈၁**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ (၁၃)လမ်းရှိ မြေကွက်အမှတ် (၁၇၄၈)၊ (၄၀x၆၀)ပေ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦတို့နှင့် အကျိုးခံစားခွင့်အားလုံးတို့ကို ပိုင်ဆိုင်သူ ဒေါ်ဂေါ်လံဇန်ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ် နွယ်ဇာခြည်စိုးက စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အိမ်နှင့်မြေကွက်ကို အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါရှိသည့်နေ့ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များနှင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာလိုက်သည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းဆိုင်ရာ ကိစ္စများကို ဆက်လက်၍ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်မြင့် LL.B, H.G.P** | **ဒေါ်သဲစုစုထွေး LL.B, D.B.L** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်– ၂၈၂၄)** | **အထက်တန်းရှေ့နေ (စဉ်– ၅၄၂၈)** |
| **အမှတ် (၁၆)၊ ကျိုက္ခမီလမ်း၊** | **အမှတ် (၁၆)၊ ကျိုက္ခမီလမ်း၊** |
| **ကွင်းရပ်၊ မော်လမြိုင်မြို့။** | **ကွင်းရပ်၊ မော်လမြိုင်မြို့။** |
| **ဖုန်း– ၀၉–၄၂၈၇၀၀၇၄၉** | **ဖုန်း– ၀၉– ၇၈၅၃၀၀၀၀၅** |

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ ငွေပြည်သာလမ်း၊ မြေကွက် အမှတ်(၅၁၃/က)၏ မြေအကျယ်အဝန်း (၂၀x၆၀) ပေရှိ ဦးခင်မြင့် (D/RGN–၀၀၄၀၅၉)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးအံ့ဖွယ်ထွန်း[၁၂/တကန(နိုင်)၁၇၆၂၁၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးဇော်မျိုးအောင် (စဉ်– ၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း (စဉ်– ၉၁၁၉)** |
| **(LL.B, D.I.L)** | **(LL.B, D.B.L, D.I.L, WIPO switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅–လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၂၅၃၁၁၈၀၁၄၊ ၀၉–၄၂၀၂၆၆၀၆၁၊ ၀၉–၄၅၇၇၅၁၂၄၁**




## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၅)ရပ်ကွက်၊ အကွက်အမှတ် (က–၁၄)၊ ဦးပိုင်အမှတ် (၄/၁) ခဲစင်း၊ ၇၅ လမ်း၊ ၁၁၀x၁၁၁ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးတင်မြင့် [၉/မရတ (နိုင်) ၀၈၃၉၂၅]က အမှုတွဲအမှတ် (၀၁၀၃ / ၂၀၂၆ - ၂၀၂၇)ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ အကွက်အမှတ်(၈၇၁)၊ ဦးပိုင်အမှတ် (၂၅–ဃ+၂၅–ဌ)၊ ရန်–မန်းလမ်းနှင့် ရွာလယ်လမ်းကြား၊ သူရိန်နန်းလမ်းရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်မြလေး [၉/မနမ (နိုင်) ၀၁၆၀၇၁]က အမှုတွဲအမှတ် (၀၁၀၅ / ၂၀၂၆ - ၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(အောင်ချမ်းသာ)၊ အကွက်အမှတ် (၂၅)၊ အကွက်အမည် (ဗိုလ်ချုပ်ရေနံစက်)၊ ဦးပိုင်အမှတ်(၇/က–၂) ဧရိယာ (၀.၀၅၇)ဧကအကျယ်ရှိ ဦးဗလမင်းထင် [၇/နတလ(နိုင်) ၁၁၅၂၁၆] အမည်ပေါက် အဆောက်အဦ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား ပိုင်ဆိုင်မှုစာချုပ်စာ တမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမင်းမင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်– ၂၇၃၂၀)**
**အမှတ် (၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း– ၀၉–၂၆၂၇၄၀၂၆၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အမှတ် (၂/တိုးချဲ့)ရပ်ကွက်၊ မြေကွက်အမှတ် (U–12) အိမ်ရာမြေကွက်သည် မှော်ဘီမြို့နယ်အုပ်ချုပ်ရေးမှူးရုံး (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) ရုံး၏ (၂၉–၅–၂၀၁၅)ရက်စွဲပါ စာအမှတ် – ၂/၄–၂/မနအ (၇၇) အရ ဦးကိုကိုမောင် [၁၂/သဃက (နိုင်) ၁၀၈၅၈၂] အမည်ဖြင့် ချထားပေးသော အိမ်ရာမြေကွက်ဖြစ်ပါသည်။ အမည်ပေါက်ထံမှ ယခုရောင်းသူ ဒေါ်သီသီဇင်မင်းလတ် [၁၁/စတန(နိုင်) ၀၅၀၂၄၃]က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး အဆိုပါ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ဘီဘီသိန်း (ခ) ဒေါ်ဘောဘီ တရားလွှတ်တော်ရှေ့နေ (စဉ်–၈၇၉၁)**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း –၀၉– ၇၇၅၁၄၄၄၀၂**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၅)ရပ်ကွက်၊ မြေကွက်အမှတ်(၅၉၂)၊ အကျယ်အဝန်း (အလျား ၂၀ ပေx အနံ ၆၀ ပေ)ရှိ ပါမစ်မြေကွက်အပါအဝင် အဆိုပါ မြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အားလုံးတို့ကို** ဒေါ်သဲယုမော် [၁၂/ဥကတ(နိုင်)၁၆၁၁၉၂]နှင့် ဒေါ်မြင့်မြင့်စိုး [၁၂/ဒလန(နိုင်) ၀၃၉၄၁၆]တို့မှ ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်း ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ယမင်းသိန်း [၁၂/သကတ(နိုင်)၁၅၆၆၅၉]မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သည့်အတွက် အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသည့်စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ခင်ခင်ဌေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၂၀၁၅) (၁၄–၂–၂၀၁၇)**
**အမှတ်(၁၄၀၅)၊ မြင်တော်သာလမ်း၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း– ၀၉– ၄၂၁၁၈၁၈၂၂**

## ကျန်းမာရေးဝန်ကြီးဌာန
## ရန်ကုန်တိုင်းဒေသကြီးကုသရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးကုသရေးဦးစီးဌာန အောက်ရှိ လုပ်ငန်းလည်ပတ်နေသော မြို့နယ်ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ အတွက် လိုအပ်သည့်ဆေးနှင့်ဆေးပစ္စည်း များ၊ ဓာတ်ခွဲ/ဓာတ်မှန်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် ရောင်းချသူမှလက်ဝယ်ရှိသော FDA Register ရှိ၊ Shelf Live $\frac{3}{4}$ သက်တမ်းရှိ ဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲ/ဓာတ်မှန်ပစ္စည်းများအား (၄၅)ရက်အတွင်း အပြီးသတ်မှတ်နေရာများသို့ တင်သွင်းပေးပို့ရန်အတွက် လက်ရှိမှတ်ပုံတင်ထားသည့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

- (က) ဆေးဝါးများ
- (ခ) ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းများ
- (ဂ) ဓာတ်မှန်ဖလင်နှင့်ဆေးရည်များ၊
- (ဃ) ဆေးရုံသုံးပစ္စည်းများ (Consumables)

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၄-၅-၂၀၂၆ (ကြာသပတေးနေ့)
တင်ဒါပိတ်မည့်ရက် - ၁၅-၆-၂၀၂၆ (တနင်္လာနေ့)

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်-

**ရန်ကုန်တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးရုံး**
**အမှတ်(၅၂၀)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗဟန်းမြို့နယ်။**
**ဖုန်း- ၀၉-၆၈၀၈၄၇၇၂၃၊ ၀၉- ၄၅၈၃၄၄၄၅၄**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀)
## မော်လမြိုင်မြို့နယ်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၇၀

ဒေါ်အိအိသက် — ၁။ ဦးမန်းနီး
၂။ ဦးမြင့်အေး

**တရားလို** — **တရားပြိုင်များ**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဇေယျာမြိုင်ရပ်ကွက်၊ ဒေစီလမ်းနေ ဦးမန်းနီးနှင့် ဦးမြင့်အေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **“ပဋိညာဉ်အတိုင်းအရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှု”**ဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေနှင့်ပါစေ၍ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မေလ (၁၉)ရက်၊ (၁၃၈၈)ခုနှစ်၊ နယုန်လဆန်း (၄)ရက်နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် ရက်နေ့တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြလိုသည့် စာချုပ်စာတမ်းအစရှိသည် တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (လေး)ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မေလ (၅)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ပိုးငြိမ့်သူ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**မော်လမြိုင်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀)
## မော်လမြိုင်မြို့နယ်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၇၁

ဒေါ်သီသီခိုင် — ၁။ ဦးသောင်းညွန့်
၂။ ဒေါ်စိန်ငွေ

**တရားလို** — **တရားပြိုင်များ**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ ရွှေတောင်လမ်း၊ အမှတ် (၆၇)နေ ဦးသောင်းညွန့်နှင့် ဒေါ်စိန်ငွေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **“(၁၆-၈-၂၀၂၅)ရက်နေ့စွဲပါ နှစ်ဦးသဘောတူ မြေကွက်သက်သက်အပြီး အပိုင်အရောင်းအဝယ်ကတိစာချုပ်”** အရ ပဋိညာဉ်အတိုင်းအရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ပါစေ၍ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မေလ (၁၉)ရက်၊ (၁၃၈၈)ခုနှစ်၊ နယုန်လဆန်း (၄)ရက်နေ့ မွန်းမတည့်မီ (၁၀း၀၀) နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်နေ့တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (လေး)ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မေလ (၅)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ပိုးငြိမ့်သူ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**မော်လမြိုင်မြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- စက်မှုဇုန် (၁)၊ မြေကွက်အမှတ်- ၂၂၄၊ ဧရိယာ (၅.၄၃)ဧကရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ ဒဂုံဆိပ်ကမ်းမြို့နယ်၊ စက်မှုဇုန် (၁) ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် (၂၂၄) ဟုခေါ်တွင်သော ဂိုဒေါင်များနှင့် ဆက်သွယ်အသုံးပြုလျက်ရှိသော **1000 KVA Transformer** အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူဖြစ်သော ဦးစိုင်းအောင်ထွန်း [၁၃/တခလ(နိုင်) ၀၃၉၂၁၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ပေးကတိစာချုပ်ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့်စပ်လျဉ်း၍ နစ်နာမှုတစ်စုံတစ်ရာအကြောင်းရှိနိုင်သူ မည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများအား မဆန့်ကျင်စေဘဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးလိမ္မော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၄၃၁၄)**
**အမှတ် (၄၆/ပ-ထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၆၉၂၂၉၉၅၆၃၊ ၀၉-၄၂၈၆၃၀၇၀၄**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊
## မြေတိုင်းရပ်ကွက်အမှတ်(၁၃၂)ရပ်ကွက်၊ မြေကွက်အမှတ်(၅၇၄)၊
## အကျယ်အဝန်း (အလျား ၄၀ ပေx အနံ ၆၀ ပေ)ရှိ
## ဦးအောင်သူရသောင်း [၁၂/ရကန(နိုင်)၀၀၀၂၇၁] အမည်ပေါက်
## ဂရန်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ပါ မြေကွက်အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသိန်းနိုင်ထွန်း [၁၂/ဒဂရ(နိုင်)၀၃၄၂၆၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇေယျာလွင် [၇/ပခန(နိုင်) ၁၇၈၇၁၄]က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးပြည့်ဖြိုးသူ (LL.B) အထက်တန်းရှေ့နေ (စဉ်- ၄၆၁၄၀)**
**အမှတ်(၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၂၄၄၉၈၆၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/မြို့သစ်)၊ မြေကွက်အမှတ် (၃၁၈)၊ ဧရိယာ (၀.၀၂၈)ဧက၊ မြေကွက်တည်နေရာ- အမှတ် (၂၂၀)၊ ရတနာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဒေါ်မမ [၁၂/ဒပန(နိုင်) ၀၀၂၃၂] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်မမထံမှ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း စာချုပ်အမှတ်- ၁၁၀၀/၂၀၀၈ (၂၈-၄-၂၀၀၈)ဖြင့် ပိုင်ဆိုင်လာသူ ဒေါ်သိန်းသိန်းအေး [၁၂/ဒပန(နိုင်) ၀၀၀၃၉၇]မှ နှစ်(၆၀) ဂရန်မူရင်းသည် ခရီးသွားလာရင်း ပျောက်ဆုံးသွားကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ဂရန်ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ခံဝန်ချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အပိုင်ပေးစာချုပ်အမှတ်-၁၁၀၀/၂၀၀၈ (၂၈-၄-၂၀၀၈) မိတ္တူမှန်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## “သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း
## အများသိစေရန်ကြော်ငြာ”

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ နွယ်နီ (၁၆)လမ်း၊ အမှတ်(၇၄၂)နေ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးတိုးကိုကို [၁၂/ဥကမ(နိုင်)၁၂၄၇၅၈]နှင့် ဒေါ်မေမေအုန်း [၁၂/သကတ(နိုင်)၀၉၄၃၉၈]တို့၏ သားဖြစ်သူ မောင်အောင်ကောင်းပြည့်[၁၂/ဥကမ(နိုင်)၂၄၆၇၁၁]သည် မိဘတို့၏ ဆိုဆုံးမမှုအား နာခံမှုမရှိဘဲ ၎င်း၏စိတ်ဆန္ဒအတိုင်း ပြုမူဆောင်ရွက်နေပါသောကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် မောင်အောင်ကောင်းပြည့်နှင့် ပတ်သက်သည့် ကိစ္စရပ်အဝဝအား တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတိုးကိုကို [၁၂/ဥကမ (နိုင်) ၀၁၂၄၇၅၈]၊**
**ဒေါ်မေမေအုန်း [၁၂/သကတ (နိုင်) ၀၉၄၃၉၈]တို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြင့်ခိုင် (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၇၃၆၃)**
**အမှတ်(၂၇)၊ ရဲရိပ်သာလမ်း၊ ကြံခင်းစုရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၇၉၉၈၁၆၆၅၄**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ မာလာရုံလမ်း၊ အမှတ် (၅၂၂) ဟုခေါ်တွင်သော အလျား(၅၅)ပေx အနံ(၂၂)ပေ အကျယ်အဝန်းရှိ မြေကွက်ပေါ်၌ ဆောက်လုပ်ထားသော နှစ်ခန်းတွဲ (၅)ထပ်တိုက်မှ ဒုတိယထပ် (၃)လွှာ (ခြေရင်းခန်း) အလျား (၅၀)ပေx အနံ (၁၁)ပေ အကျယ်အဝန်းရှိ တိုက်ခန်း (၁) ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးမြင့်နိုင် [၁၁/မဥန (နိုင်) ၀၁၃၆၃၃] ကိုင်ဆောင်သူနှင့် ဦးညီညီနိုင် [၁၁/စတန(နိုင်) ၀၀၁၈၃၂] ကိုင်ဆောင်သူများမှ ဥပဒေနှင့်အညီ တရားဝင်လက်ရှိထားပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး တစ်ဆင့်ပြန်လည်ရောင်းချ ပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ နော်သက်သက်ခိုင် (ဘ) ဦးသန်းရွှေ [၁၄/ကလန(နိုင်) ၀၈၁၄၅၆] ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း(မူရင်း) အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း မရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇော်မင်းနိုင်** | **ဒေါ်သက်ဆုရည်** |
| **LL.B, DL-101 Wipo (Switzerland)** | **ဥပဒေဘွဲ့ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်- ၁၀၉၁၈/၁၆)** | **(စဉ်- ၁၂၂၈၃/၁၇)** |
| **ဖုန်း- ၀၉-၄၂၅၁၆၈၉၃၂** | **ဖုန်း- ၀၉ - ၄၂၁၀၂၄၈၈၆** |

**ရုံး- အမှတ် (၅၀)၊ ဒုတိယထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၅-E[၃]၊ မြေကွက်အမှတ် (၁၂/၆၁)၊ အကျယ်အဝန်း (၂၀'x၄၀')ရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်- ၁၂၊ ဘောဂရပ်ကွက်၊ ဘောဂလမ်း၊ အမှတ် (၁၂) ဟုခေါ်တွင်သော တစ်ထပ်အိမ်လုံးချင်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဒေါ်ခင်ခင်ညို [၁၂/ကမတ(နိုင်) ၀၁၆၀၉၃]၊ ဒေါ်အေးအေးမြင့် [၁၂/ကမတ(နိုင်) ၀၁၆၀၉၄]နှင့် ဒေါ်ခင်ခင်ကြီး [၁၂/ကမတ(နိုင်) ၀၁၇၀၃၀] ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ကြည်ကြည်လှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၂၀၁)**
**အမှတ် (၂၃၁)၊ ငုဝါလမ်း၊ စောမြောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉-၇၉၃၅၆၆၃၁၅**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဝါးတရာစက်မှုဇုန်၊ အောင်ချမ်းသာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၄၉ ဝါးတရာစက်မှုဇုန် (အသံ/အနံ့)၊ မြေကွက်အမှတ်-၄၀၅/၁၃၊ ဧရိယာ-၁၂.၅၅၈ဧကအကျယ်အဝန်းရှိ ဒေါ်ခင်ညို (၁၂/ပဘတ(နိုင်)၀၀၅၆၃၈) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်အနက်မှ တရားဝင်တိုင်းတာခွဲစိတ်လျက်ရှိသော အရှေ့ဘက်ခြမ်း၊ တစ်ကွက်လျှင် (၃)ဧကခန့်စီအကျယ်အဝန်းရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်(၂)ကွက်ကို ဒေါ်ခင်ညို ထံမှ “နှစ်ဦးသဘောတူမြေကွက်အရောင်းအဝယ်ကတိစာချုပ်” ဖြင့် အပြီးအပိုင်ဝယ်ယူထားသူများ ဖြစ်ကြသည့် (၁) ဦးရဲဝင်းဦး (၁၂/ဥကမ (နိုင်) ၁၅၃၂၀၇) (၂) ဒေါ်သန်းသန်းစု (၁၂/အစန (နိုင်) ၀၅၈၄၁၅) (၃)ဦးထွန်းထွန်း (၁၃/တကန (နိုင်) ၁၃၀၁၆၅) (၄) ဦးရဲမင်းထွန်း (၁၂/အစန (နိုင်) ၁၈၃၁၄၄)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေများအနက်မှ တစိတ်တဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်(၂)ကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်၊

ညွှန်ကြားချက်အရ
**သင်းကြူစိုး LL.B., LL.M.**
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၅၆)
ရုံး-အမှတ်-၅၅၊ အခန်း-၅၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း- ၀၁-၈၃၇၈၇၉၉၊ ၀၉-၅၀၁-၆၃၅၂၊ ၀၉-၅၅၀-၆၅၅၆၊

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉)၊ ဦးဘဝင်းလမ်း၊ မြေကွက်အမှတ်(၅၉၉)၊ မြေအကျယ်အဝန်း (၄၆ပေx ၅၀ပေ)ရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် **ဒေါ်ချိုမာလှိုင် [၁၂/မရက(နိုင်) ၁၁၀၂၇၅]**အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက် ယခုရောင်းချသူကိုယ်တိုင်ပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင် လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေ ဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော် လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး (LL.B)** | **ဒေါ်ပန်းသဇင်ကျော်(LL.B)** |
| **(စဉ်- ၁၁၄၀၆)** | **(စဉ်- ၅၆၆၆၂)** | **(စဉ်- ၅၆၈၂၃)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၃၁၁၄၆၅၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ် (၁၃၃၀)၊ ကျန်စစ်သားလမ်း၊ မြေအကျယ်အဝန်း (၄၁ပေx ၆၀ပေ)၊ ဧရိယာ (၀.၀၅၆)ဧက၊ (၂၄၆၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဗိုလ်မှူးရန်အောင် (DNU-၀၁၁၅၀၀)** အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်မှာ ကွယ်လွန်သွားပြီဖြစ်သဖြင့် ၎င်း၏တရားဝင် ဇနီးဖြစ်သူ **ဒေါ်မြင့်မြင့် [၁၄/ပသန(နိုင်)၀၁၀၂၇၉]**သည် အမွေဆက်ခံပိုင်ဆိုင်လာပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင် ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ် ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သက်ထားခိုင် (LL.B) (D.B.L) (D.I.P.L)**
**အထက်တန်းရှေ့နေ (စဉ်- ၅၆၈၇၅)**
**တိုက်အမှတ်(၅၀၃/စီ)၊ အရှေ့ရွှေဂုံတိုင်လမ်းနှင့် ဗိုလ်စိန်မှန်လမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉-၇၉၂၀၁၂၉၉၈၊ ၀၉-၉၄၀၉၁၉၉၉၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၄၁)ရပ်ကွက်၊ပေါ်ဆန်းမွှေးလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ်(၁၅၄)တွင်တည်ဆောက်ထားသော ၂ခန်းတွဲ၆ထပ်တိုက်၊ ပဉ္စမထပ်(၆)လွှာ၊(ခြေရင်းခန်း)ညာဖက်ခြမ်း။ အကျယ်အဝန်း(၁၈ခွဲ X၅၁ပေ)ခန့်ရှိတိုက်ခန်းနှင့်ယင်း တိုက်ခန်းနှင့်စပ်လျဉ်းသည့်အကျိုးခံစားခွင့်အားလုံးတို့ကိုအခန်းပေးအခန်းယူစနစ်ဖြင့်တရားဝင် လက်ဝယ်ထားပိုင်ဆိုင်ကြောင်းဝန်ခံကတိပြုသူကန်ထရိုက်တာဦးဝေမျိုးအောင်(၁၂/မဂတ(နိုင်) ၀၈၈၂၀၆)ထံမှကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေတစ်ချို့ကိုပေးချေထား ပြီးဖြစ်ပါ၍ကန့်ကွက်လိုပါကဤကြော်ငြာစာထုတ်သည့်နေ့မှစ၍(၁၄)ရက်အတွင်းပိုင်ဆိုင်မှုအထောက် အထား(မူရင်း)များဖြင့်လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှုမရှိပါကဥပဒေနှင့်အညီဆက် လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးအောင်ကျော်ထွန်း LL.B.,L.L.M
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၁၆၃)
တိုက်အမှတ်(၁၅၇/၁၆၉)၊အခန်းအမှတ်-B-2ပထမထပ်၊၃၆လမ်း(လယ်)၊ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ဖုန်း၀၉-၄၀၈၁၈၅၅၉၉။

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



လေကြောင်းလူငယ်သင်တန်းသားများ လေယာဉ်မောင်းနှင်ခြင်းဘာသာရပ်ကို လက်တွေ့လေ့ကျင့်ကြစဉ်။

# ရေကြောင်းနှင့် လေကြောင်းလူငယ်သင်တန်းများ သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများတွင် လေ့ကျင့်သင်ကြားပေးလျက်ရှိ

နေပြည်တော် မေ ၇

ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များအား နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့်ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများကို ဧပြီ ၂၇ ရက်တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ○

# ယနေ့ကျင်းပမည့် ONE Friday Fights 153 & The Inner Circle ပြိုင်ပွဲတွင် မြန်မာဖိုက်တာနှစ်ဦး၏ တွဲဆိုင်းများ ပါဝင်မည်

ရန်ကုန် မေ ၇

ONE Friday Fights 153 & The Inner Circle ပြိုင်ပွဲကို မေ ၈ ရက် ညပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ လုဗ္ဗနီအားကစားရုံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာဖိုက်တာနှစ်ဦး၏တွဲဆိုင်းများ ပါဝင်လာမည်ဖြစ်သည်။

မြန်မာဖိုက်တာနှစ်ဦးဖြစ်သည့် သွေးလင်းထက်နှင့် ရဲရင့်နောင်တို့သည် ထိုင်းဖိုက်တာများနှင့် ထိုးသတ်ရမည်ဖြစ်ပြီး ရဲရင့်နောင်က ထိုင်းဖိုက်တာ ခွန်ပွန်နိုင်၊ သွေးလင်းထက်က ဆက်ဆာတွန်နှင့် ထိုးသတ်ရမည်ဖြစ်သည်။ သွေးလင်းထက်သည် နောက်ဆုံးနှစ်ပွဲဆက်တိုက် ရှုံးနိမ့်ထားမှုကို အဆုံးသတ်ရမည်ဖြစ်ပြီး ONE နှင့် ရှစ်ပွဲထိုးသတ်ရာတွင် ငါးပွဲနိုင်၊ သုံးပွဲရှုံးနိမ့်ထားသည်။ သွေးလင်းထက်နှင့် ထိုးသတ်မည့် ဆက်ဆာတွန်သည် ONE နှင့် ၁၀ ပွဲထိုးသတ်ရာတွင် ရှစ်ပွဲအထိ အနိုင်ရထားပြီး ယခုနှစ်အတွင်းထိုးသတ်သည့်ပွဲတွင် အီရတ်ဖိုက်တာကို ရှုံးနိမ့်ထားသည်။

မြန်မာဖိုက်တာ ရဲရင့်နောင်သည် ONE နှင့် ဒုတိယမြောက်ပွဲ ထိုးသတ်ရခြင်းဖြစ်ပြီး ပထမပွဲတွင် မလေးရှားဖိုက်တာ ဂါဇာလီကို ရှုံးနိမ့်ထားသည်။ ရဲရင့်နောင်နှင့်ထိုးသတ်မည့် ခွန်ပွန်နိုင်သည် မြန်မာဖိုက်တာများနှင့် ထိုးသတ်ဖူးသည့် အတွေ့အကြုံရှိသူဖြစ်ပြီး ဆွန်ရက်ခ်၊ မိုးထက်အောင်နှင့် သန့်ဇင်တို့ကို အနိုင်ရထားသည်။

သတင်း-ချစ်ကိုကို

# ယနေ့ ဖတ်စရာ


မကွေးတိုင်းဒေသကြီး၏ စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍ တိုးမြှင့်လုပ်ကိုင်နိုင်ရေး ကွင်းဆင်းဆောင်ရွက် စာမျက်နှာ » ၁၀

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် အထူးပြပွဲဆက်လက်ပြသ စာမျက်နှာ » ၁၁

ပါကစ္စတန်ဝန်ကြီးချုပ်က အမေရိကန်၏ Project Freedom ဆောင်ရွက်ချက်များ ခေတ္တရပ်ထားရန် ဆုံးဖြတ်ချက်ကို ကြိုဆို စာမျက်နှာ » ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့သည့် တရုတ်နိုင်ငံသား သုံးဦး ဖမ်းဆီးရမိ စာမျက်နှာ » ၁၄


# လက်ရှိချန်ပီယံပီအက်စ်ဂျီအသင်း ဘိုင်ယန်မြူးနစ်အသင်းကို အနိုင်ရပြီး ချန်ပီယံလိဂ်ဗိုလ်လုပွဲတက်လှမ်း



ရန်ကုန် မေ ၇

လက်ရှိ ချန်ပီယံလိဂ်ချန်ပီယံ ပီအက်စ်ဂျီအသင်းဟာ ဘိုင်ယန်မြူးနစ်အသင်းကို အနိုင်ရပြီး ချန်ပီယံလိဂ်ဗိုလ်လုပွဲကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့ရဲ့ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းက ငါးဂိုး-လေးဂိုးနဲ့ အနိုင်ရထားပြီး မေ ၇ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဒုတိယအကျော့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီသရေရလဒ်

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✪

# အာရှဖလား ယူ-၁၇ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စုအဆင့်ဖြင့် ကျေနပ်ခဲ့ရ

ရန်ကုန် မေ ၇

၂၀၂၆ အာရှဖလား ယူ-၁၇ အမျိုးသမီးပြိုင်ပွဲ အုပ်စု (A) နောက်ဆုံးနေ့ကို မေ ၇ ရက်က တရုတ်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ပြီး အုပ်စုအဆင့်ဖြင့် ကျေနပ်ခဲ့ရသည်။

အုပ်စု (A) နောက်ဆုံးနေ့တွင် ဗီယက်နမ်အသင်းက မြန်မာအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ အိမ်ရှင်တရုတ်အသင်းက ထိုင်းအသင်းကို ခြောက်ဂိုးပြတ် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ယခုပွဲအနိုင်ရပါက အကောင်းဆုံး အုပ်စုတတိယနေရာရ ထိပ်ဆုံးနှစ်သင်းနေရာ မျှော်လင့်နိုင်မည်ဖြစ်သော်လည်း အရေးနိမ့်ခဲ့သဖြင့် အုပ်စုအဆင့်ဖြင့် ကျေနပ်ခဲ့ရသည်။ မြန်မာအသင်းသည် နိုင်ပွဲရရန် ကြိုးပမ်းသော်လည်း တိုက်စစ်ပိုင်း အဆုံးသတ်အားနည်းခြင်းကြောင့် ဂိုးမရဘဲ ဗီယက်နမ်အသင်းကို



စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❖